# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၅)ရက် ၊ ကြာသပတေးနေ့ ၊ (1-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်မိန့်ခွန်းပြောကြား






မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် မေ ၃၀**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါညီလာခံအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။




ရတနာပုံ

၂၀၂၅ ခုနှစ် မေ ၁ ရက်

အယ်ဒီတာ့အာဘော်

# ရတနာပုံသတင်းစာ ၃၃ နှစ်တာခရီး

ရတနာပုံသတင်းစာကို ၁၉၉၂ ခုနှစ် မေလ ၁ ရက်မှစတင်ထုတ်ဝေခဲ့ရာ ၂၀၂၅ ခုနှစ် မေလ ၁ ရက် (ယနေ့)တွင် ၃၃ နှစ်တာခရီး ရောက်ရှိခဲ့ပြီဖြစ်သည်။ ရတနာပုံသတင်းစာက ၃၃ နှစ်တာကာလတွင် သတင်းစာဖတ်ရှုသူများကို မှန်ကန်သောသတင်းနှင့် သုတ၊ ရသ စသောစာပေကဏ္ဍများကို စုံလင်စွာ စဉ်ဆက်မပြတ် ဖော်ပြပေးနိုင်ခဲ့သည်။

ရတနာပုံသတင်းစာသည် မြန်မာနိုင်ငံ၏သတင်းစာလောကၥ် အတိုင်းအတာတစ်ခုထိ နေရာရရှိထားပြီးဖြစ်သည်။ သို့သော် မျက်မှောက်ကာလတွင် အွန်လိုင်းမီဒီယာများ၏လွှမ်းမိုးထားမှုကို ရင်ဆိုင်ထိုးဖောက်နိုင်ရန် အစဉ်ကြိုးပမ်းနေရဆဲဖြစ်ပါသည်။ ရတနာပုံသတင်းစာသည် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနှင့် ခံစားမှုရသအတွက်ပါမကျန် ကဏ္ဍပြည့်စုံစွာ သိမြင်နိုင်စေရေးအတွက် ရတနာပုံဝိုင်းတော်သားများက ကိုယ်စီတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ်နေခဲ့ကြသည်မှာ ၃၃ နှစ်ခရီး ရောက်ရှိခဲ့ပြီဖြစ်သည်။

ခေတ်မီတိုးတက်နေသော ယနေ့ခေတ်တွင် ပြည်သူလူထုအနေဖြင့် မိမိနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာကြီးတွင်လည်းကောင်း၊ နေ့စဉ်ဖြစ်ပျက်နေသောသတင်းများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် သိရှိလိုကြသည်။ ထို့ကြောင့် နေ့စဉ်ထုတ်သတင်းစာများသည် သတင်းဦး၊ သတင်းထူးများ၊ လတ်တလောသတင်းများ၊ မှန်ကန်တိကျသောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြကြရမည်ဖြစ်သည်။ သတင်းစာဆိုသည်မှာ ပြည်တွင်း၊ ပြည်ပသတင်းများကို အများအားဖြင့် နေ့စဉ်ပုံမှန်ထုတ်ဝေနေသော စာစောင်ဖြစ်သည်။

ရတနာပုံသတင်းစာသည် ၃၃ နှစ်တာခရီးပေါက်၍ ပြည်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်မှာ ရတနာပုံဝိုင်းတော်သားများက ကိုယ်စီတာဝန်ကို ကြိုးပမ်းအားထုတ်မှုများကြောင့်ပင်ဖြစ်ပါသည်။ ရတနာပုံသတင်းစာသည် စတုတ္ထမဏ္ဍိုင်ပီသစွာ သတင်းမီဒီယာကျင့်ဝတ်တို့ကို စောင့်ထိန်းလျက် ဘက်လိုက်မှုကင်းစွာဖြင့် သတင်းစာဖတ်ပရိသတ်များ ကျေနပ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးဖြစ်ထွန်းစေရန် သတင်းဦး၊ သတင်းထူးများ၊ လတ်ဆတ်သောသတင်းများကို ဖော်ပြပေးလျက်ရှိသည်။

ရတနာပုံသတင်းစာ ဝိုင်းတော်သားများအနေဖြင့် သမိုင်းပေးတာဝန်အရပ်ရပ်အပေါ် စုပေါင်းစွမ်းအားဖြင့် ကျေပွန်စွာဆက်လက်ထမ်းရွက်သွားမည်ဖြစ်သည်။ နှစ်ပေါင်းရှည်ကြာ ဂုဏ်သိက္ခာကြီးမားခဲ့သည့် ရတနာပုံသတင်းစာ၏ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြပြီး သတင်းစာ၏အရည်အသွေး တိုးတက်သည်ထက် တိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်လျက် ပြည်သူတို့ မျက်စိ၊ နားသဖွယ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရတနာပုံသတင်းစာသည် ပြည်သူတို့ထံ သတင်းမှန်များကို မပြတ်ပြန်ကြားပေးနေမည်ဖြစ်သကဲ့သို့ မှန်ကန်မျှတသော ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ရှိနေမည်ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူများ၏လိုလားချက်၊ ပြည်သူများ၏ဘဝကို ကိုယ်စားပြုလျက် ပြည်သူများကြားတွင် ၁၉၉၂ ခုနှစ် မေလ ၁ ရက်မှစ၍ မွေးခဲ့သော ရတနာပုံသတင်းစာသည် ယနေ့တွင် ၃၃ နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီး နောင်နှစ်ပေါင်းများစွာတိုင်အောင် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်နေမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြု ရေးသားလိုက်ရပေသည်။

# ဝါးခယ်မမြို့နယ်တွင် ဒေသထွက် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေ

**ဝါးခယ်မ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဒေသထွက် မြေပဲဆန်များ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဧပြီလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ မြေပဲဆန်များအရောင်းအဝယ်ကောင်းမွန်လာပြီး အဆိုပါ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှု အားကောင်းလာသောကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ဝါးခယ်မမြို့နယ်ကို ဒေသထွက် မြေပဲဆန်တွေအပြင် အခြားဒေသက ထွက်ရှိတဲ့ မြေပဲဆန်တွေလဲ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန် အရောင်းအဝယ် ကောင်းလာတာပါ။ မြေပဲဆန် အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့ပဲ ရှိပါတယ်။ နွေမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်က အရောင်းအဝယ် ကောင်းနေဖို့ရှိပါတယ်။ အခု မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေ အဓိက အဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်ရှိ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန် အမျိုးမျိုး ထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ စနစ်တကျ ထုပ်ပိုး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra နှင့် အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှု၌ မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)တို့ကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်လိုသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Titon Mitra နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၉၈၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၂၉၈၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧကေ ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်။ နေကြာကို ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာပဲ အဓိက စိုက်ပျိုးကြတာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



မြောင်မြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကိုအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် ဒေးကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် မေ ၃၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေးကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေးကင်းကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂ ဦးကို ငွေကျပ် သုည ဒသမ ၆၅ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄ လမ်း၊ ၄၂-၄၃ လမ်းကြားနေ ကျန်ရစ်သူမိသားစုက ဖခင်ကြီး ဦးတင်လူနှင့်မိခင်ကြီး ဒေါ်သိန်းညွန့်တို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀နှင့် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀၀ စုစုပေါင်း ငွေကျပ်၅၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေ



**ပန်းတနော် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် ဧပြီလ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ယခုကာလသည် ကန်စွန်းဥများ ပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥတစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိကာလက ဒေသခံတောင်သူတွေ စိုက်ထားတဲ့ ကန်စွန်းဥတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလိုကန်စွန်းဥတွေပေါ်နေတဲ့အချိန်မှာ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေအနေနဲ့ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ် ကန်စွန်းဥတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းတာက မနှစ်ကထက် ကန်စွန်းဥစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေတာကြောင့် ဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကန်စွန်းဥ အပါအဝင် အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ကန်စွန်းဥများကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ကန်စွန်းဥတစ်ဧက စိုက်ပျိုးလျှင် လက်ရှိ စိုက်ပျိုးစရိတ်ငွေကျပ် ၃၅၀၀၀၀ ထိ ကုန်ကျစရိတ်ရှိပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီးအလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် သီပေါ်ရွာသစ်ကျေးရွာတွင် VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငဖဲ မေ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာအုပ်စု သီပေါ်ရွာသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သီပေါ်ရွာသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါ်ရွာသစ် ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၅၉ သိန်းထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်း ထံမှ သိရသည်။

**ဇင်မာ**

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**ဟုမ္မလင်း မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၅ ဒသမ ၆၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၉၄၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ခန့်ကုန်ကျစရိတ်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း၊ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)



# တိုးတက်ပြောင်းလဲမှုများနှင့် ၃၃ နှစ်သက်တမ်းရှိ ရတနာပုံသတင်းစာ

ကိုယဉ်ချစ်(မန္တလေး)




၁၉၉၂ ခုနှစ် မေလ ၂ ရက်ထုတ် ရတနာပုံသတင်းစာကို တွေ့ရစဉ်။




၂၀၂၅ခုနှစ် မတ်လ ၅ ရက်ထုတ် ရတနာပုံသတင်းစာကို တွေ့ရစဉ်။

မန္တလေးမြို့အခြေစိုက်ထုတ်ဝေသည့် ရတနာပုံသတင်းစာသည် ၁၉၉၂ ခုနှစ် မေ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သဖြင့်၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ၃၃ နှစ်သက်တမ်းသို့ ရောက်ခဲ့ပြီဖြစ်သည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး နိုင်ငံတော်၏အလယ်ဗဟိုချက်မဖြစ်သည်။ နိုင်ငံတော်၏ အထက်၊ အောက်၊ ဝဲ၊ ယာ ဆက်သွယ်ရေးအတွက် အချက်အချာဒေသဖြစ်သည်။ လတ်ဆတ်သည့်သတင်းများသိရှိနိုင်ရန် မန္တလေးမြို့၌ သတင်းစာတစ်စောင်လိုအပ်သည်မှာ အမှန်ဖြစ်သည်။

မန္တလေးမြို့၏ သတင်းစာသမိုင်းကြောင်းသည် ရှည်လျားခဲ့သည်။ မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးသည် သတင်းစာ၏တန်ဖိုးကို သိရှိသဖြင့် နယ်ချဲ့တို့သိမ်းပိုက်ထားသည့် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်မြို့တို့တွင်ထုတ်ဝေသည့် သတင်းစာများကိုမှာယူဖတ်ရှုခဲ့သည်။ သတင်းစာသည် အကောင်းဆုံးဝါဒဖြန့်ချိနိုင်၊ စည်းရုံးလှုံ့ဆော်နိုင်သည့် ယန္တရားဖြစ်သည်ကို သဘောပေါက်သဖြင့် ရတနာပုံနေပြည်တော်သတင်းစာထုတ်ဝေရန် စီစဉ်ခဲ့သည်။ သတင်းစာထုတ်ဝေနိုင်ရန် "သတင်းစာတိုက်တော်တည် ဥပဒေတော်ဘုရား" ဥပဒေတော် ရေးဆွဲရေးအဖွဲ့အဖြစ် ကင်းဝန်မင်းကြီး ဦးကောင်းအမှူးပြုသောအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

သတင်းစာထုတ်ဝေရန် ပြင်ဆင်နေစဉ်မှာပင် မင်းတုန်းမင်းကြီးက "ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းလျှင် ငါ့မိဖုရားကိုရေး၊ ငါ့သားသမီးမကောင်းလျှင် ငါ့သားသမီးကိုရေး၊ လွှတ်တရားသူကြီးမကောင်းလျှင် လွှတ်တရားသူကြီးကိုရေး၊ မြို့ဝန်မကောင်းလျှင်မြို့ဝန်ကိုရေး၊မင်းတို့သတင်းစာတိုက်၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာတိုက်ကမည်သူမဆို အဆီးအတားမရှိဝင်ထွက်စေ"ဟု မိန့်ကြားခဲ့ကြောင်း မှတ်သားဖူးသည်။ ရတနာပုံ နေပြည်တော်သတင်းစာသည် ၁၇၈၄ ခုနှစ် မေ ၂၂ ရက်က စတင်ထုတ်ဝေခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ချိန် ၁၈၈၅ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။

ထို့နောက်ပိုင်းတွင် မန္တလေးမြို့ထုတ်သတင်းစာများအဖြစ် မန္တလေးအဆွေ (၁၈၉၉)၊ ဗုဒ္ဓဘာသာသာသနာပြုအသင်းသတင်းစာ (၁၉၀၆)၊ အသူရိန် (၁၉၁၇)၊ သီဟရာဇာ (၁၉၂၀)၊ မန္တလေးနေ့စဉ် ( ၁၉၂၁-၁၉၂၂)၊ အယ်ဒီတာညွှန့်ပေါင်း (၁၉၂၂)၊ ရှေ့သွားခေါင်းဆောင် (၁၉၂၂)၊ ရှေ့ဆောင် (၁၉၂၃)၊ ကုမ္မာရီ (၁၉၂၃)၊ မြန်မာ့မဏ္ဍိုင် (၁၉၂၃)၊ မြန်မာ့ကြေးမုံ(၁၉၂၃)၊ နေပြည်တော် (၁၉၂၅)၊ သာသနာ့မဏ္ဍိုင် (၁၉၂၆)၊ ဗုဒ္ဓဘာသာတရား (၁၉၂၇)၊ မြန်မာ့စက္ကူ (၁၉၂၇)၊ မန္တလေးသူရိယ (၁၉၂၇)၊ မြန်မာ့မျိုးချစ် (၁၉၃၃)၊ မြန်မာ့ဦးစွန်း(၁၉၃၅)၊ မြန်မာ့စီးပွားရေး (၁၉၃၈)၊ သံဃောဝါဒ(၁၉၃၈)၊ မြန်မာ့တာရာ (၁၉၄၀-၁၉၄၁)၊ မန္တလေးမြန်မာ့အလင်း(၁၉၄၂)၊ တိုင်းချစ်၊ တိုင်းချစ်မြန်မာ(၁၉၄၂)၊ ဒို့ဒေါင်းလံ(၁၉၄၂)၊ ဗမာသစ် (၁၉၄၃)၊ ကမ္ဘောဇ(၁၉၄၃)၊ ရွှေမန်းအောင်စည် (၁၉၄၄-၁၉၅၂)၊ လူထု(၁၉၄၆-၁၉၆၇)၊ ခေါင်းဆောင် (၁၉၄၆)၊ မန္တလေးတိုင်းမ် (၁၉၄၇)၊ ပြည်သူ့ကြေးမုံ (၁၉၄၇)၊ ပြည်သူ့ကြေးမုံရဲဘော် (၁၉၄၇)၊ သတင်းလွှာ (၁၉၄၈)၊ ဘဝသစ်(၁၉၄၉)၊ ဘားမားစတား (၁၉၄၉)၊ ညနေသတင်းစာ(၁၉၄၉)၊ တနင်္ဂနွေသတင်းစာ(၁၉၄၉)၊ မြန်မာ့လမ်းစဉ်(၁၉၄၉)၊ မန္တလေးရှေ့ဆောင်(၁၉၅၁)၊ ရွှေမန်းညနေ (၁၉၅၅)၊ ရွှေမန်းရုပ်စုံ (၁၉၅၅)၊ မန်းခေတ်(၁၉၅၆)၊ မန္တလေးဟစ်တိုင်(၁၉၅၆)၊ မန္တလေးဗမာ့ရှေ့ဆောင်(၁၉၅၉)၊ ရွှေမန်းဗမာ့ခေတ် (၁၉၅၉)၊ ဟံသာဝတီ (၁၉၆၉) တို့အပြင် ခုနှစ်သက္ကရာဇ်မမှတ်မိသော မြန်မာပြည်သမဝါယမဟိတဂျာနယ်သတင်းစာ၊ ရန်အောင်၊ ပညာ့မဏ္ဍိုင်၊ တိုင်းသူပြည်သား၊ ဟိတကာရီသတင်းစာများကို ထုတ်ဝေခဲ့ကြောင်း လေ့လာမှတ်သားဖူးသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတာဝန်ယူပြီးနောက် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက မန္တလေးမြို့တွင် သတင်းစာမရှိသေးသဖြင့် အစဉ်အလာရှိပြီး သက်တမ်းရှည်လှသော ဟံသာဝတီသတင်းစာကို မန္တလေး၌ဖွင့်လှစ်ထုတ်ဝေရန် ညွှန်ကြားခဲ့၍ ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ထို့ကြောင့် ဟံသာဝတီသတင်းစာသည် အထက်မြန်မာနိုင်ငံ(မန္တလေး)မြို့တွင်ထုတ်ဝေသည့်တစ်စောင်တည်းသော အစိုးရသတင်းစာဖြစ်လာသည်။ သို့ရာတွင် ဟံသာဝတီသတင်းစာသည် ၁၉၇၈ ခုနှစ် ဇွန် ၃၀ ရက်တွင် ရပ်စဲသွားသဖြင့် မန္တလေးမြို့ထုတ် သတင်းစာကွင်းဆက်ပြတ်သွားခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် (ယခုအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၏စီစဉ်မှုဖြင့် မန္တလေးမြို့ ၈၄ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ ယခင်ဟံသာဝတီသတင်းစာတိုက်ဟောင်းနေရာတွင် ရတနာပုံနေ့စဉ်သတင်းစာကို ၁၉၉၂ ခုနှစ် ဧပြီလ၌ အစမ်းထုတ်ဝေခဲ့ပြီး မေ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ရတနာပုံသတင်းစာ၏ ပထမဆုံးအယ်ဒီတာချုပ်မှာ သတင်းစာဆရာကြီး ဦးခင်မောင်ကြီးဖြစ်သည်။

သတင်းစာစတင်ထုတ်ဝေစဉ်က ခဲစာလုံးစာစီပြီး လက်ထိုးပုံနှိပ်စက်တွင် ပြည်တွင်းဖြစ် ဘားပြာစက္ကူ စာမျက်နှာ ၈ မျက်နှာဖြင့် စောင်ရေ ၁၂၅၀၀ ကို အဖြူအမည်းရိုက်နှိပ်ထုတ်ဝေခဲ့သည်။ မန္တလေးမြို့ပေါ်သတင်းများကို ဦးစားပေးဖော်ပြပေးသဖြင့် သတင်းစာဝတ်နေသည့် မန္တလေးပရိသတ်များက အားပေးဖတ်ရှုကြသည်။ နောက်ပိုင်း အခြားမြို့များနှင့် ကျေးလက်ဒေသများကပါ အားပေးဖတ်ရှုကြသဖြင့် ၁၉၉၃ ခုနှစ်တွင် စာမျက်နှာ ၁၂ မျက်နှာထိ တိုးချဲ့ဖြန့်ချိနိုင်ခဲ့သည်။ မြို့ပေါ်သတင်းများ၊ နယ်သတင်းများကိုစုံလင်စွာ ဖော်ပြနိုင်ခဲ့သလို စနေနေ့တိုင်း အချပ်ပိုကိုလည်း ထည့်သွင်းဖော်ပြပေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ရတနာပုံသတင်းစာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏အနီးကပ်ကြီးကြပ်မှုဖြင့် ထုတ်လုပ်ဖြန့်ချိခဲ့သည်။ မင်ကျမင်နသပ်ရပ်သန့်ရှင်းရေး၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးနိုင်ရေးအတွက် ခဲစာလုံးစာစီစနစ်မှ ကွန်ပျူတာစာစီစနစ်ကိုပြောင်းလဲနိုင်ခဲ့ပြီး ဘားပြာစက္ကူအစားနိုင်ငံခြားစက္ကူဖြင့် ပြောင်းလဲရိုက်နှိပ်ထုတ်ဝေနိုင်မှုကြောင့် အရည်အသွေး ပိုမိုကောင်းမွန်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် စာမျက်နှာ ၁၆ မျက်နှာသို့ တိုးချဲ့ထုတ်ဝေနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပတ်လည်ပုံနှိပ်စက်ကြီးများဖြင့် အဆင့်မြှင့်တင်ထုတ်ဝေခဲ့သည်။

လူအများက သိချင်၊ ကြားချင်သော အဖြစ်အပျက်အကြောင်းအရာများဖြစ်သဖြင့် လူအများစိတ်ဝင်စားသည့်အကြောင်းအရာများသည် သတင်းဖြစ်သည်။ သတင်းသည် အတင်းအဖျင်းမဟုတ်။ အချိန်အားဖြင့် နီးစပ်ထူးခြားမှုရှိရသည်။ ဒေသအားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိရသည်။ လူအများနှင့် သက်ဆိုင်မှုရှိရသည်။ ဖြစ်ပျက်ပုံ ထင်ရှားထူးခြားမှုရှိရသည်။ အများကို ဆွဲဆောင်မှု၊ စိတ်ဝင်စားမှုရှိရသည်။ အရည်အသွေးကောင်းမွန်သည့်သတင်းများကို တင်ပြနိုင်ခြင်းဖြင့် သတင်းစာ၏ အရည်အသွေးနှင့် ဂုဏ်သိက္ခာကို မြင့်မားစေသည်။

ရတနာပုံသတင်းစာသည် ၃၃ နှစ် သက်တမ်းရလာသည်နှင့်အညီ တိုးတက်မှုများပိုင်ဆိုင်လာသည်။ အရည်အသွေးမြင့်မားလာသည်။ အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်စုံပြီး အဆင့်အတန်းရှိသည့်သတင်းစာတစ်စောင်အဖြစ် တိုးတက်ပြောင်းလဲနေကြောင်း စာဖတ်ပရိသတ်များက အသိအမှတ်ပြုကြသည်။ ခေတ်ကာလ၏ ပြောင်းလဲတိုးတက်မှုခရီးလမ်းကြောင်းတွင် မျက်ခြည်မပြတ်လိုက်ပါလျှောက်လှမ်းရင်း ကဏ္ဍစုံလင်အောင် ဖော်ပြပေးနေသည့်သတင်းစာတစ်စောင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဖြတ်သန်းခဲ့သည့် ၃၃ နှစ်တာကာလအတွင်း ခဲစာလုံးဖြင့် စာဖောင်သွင်း၍ ရွက်ထိုးပုံနှိပ်စက်ဖြင့် စာမျက်နှာ ၈ မျက်နှာပါ အဖြူအမည်းရိုက်နှိပ်ထုတ်ဝေခဲ့သည့်အဆင့်မှ ကွန်ပျူတာစာစီ၊ မင်ကျမင်နကောင်းမွန်သည့်စာမျက်နှာ ၃၂ မျက်နှာပါ ရောင်စုံသတင်းစာတစ်စောင်အဖြစ် ရပ်တည်နိုင်ခဲ့ပေပြီ။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသာမက သတင်းစာတစ်စောင်၏ အရည်အသွေး၊ အရည်အချင်းများကိုလည်း မြှင့်တင်ထုတ်ဝေနိုင်ခဲ့သည်။ မီဒီယာကျင့်ဝတ်(Media Ethic) နှင့် ညီညွတ်သည့်အပြင် ရတနာပုံသတင်းစာ၏ကိုယ်ပိုင်ဟန်(House Style) ဖြင့်

**❖ရတနာပုံသတင်းစာသည် ၃၃ နှစ် သက်တမ်းရလာသည်နှင့်အညီ တိုးတက်မှုများပိုင်ဆိုင်လာသည်။ အရည်အသွေးမြင့်မားလာသည်။ အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်စုံပြီး အဆင့်အတန်းရှိသည့်သတင်းစာတစ်စောင်အဖြစ် တိုးတက်ပြောင်းလဲနေကြောင်း စာဖတ်ပရိသတ်များက အသိအမှတ်ပြုကြသည်။ ခေတ်ကာလ၏ ပြောင်းလဲတိုးတက်မှုခရီးလမ်းကြောင်းတွင် မျက်ခြည်မပြတ်လိုက်ပါလျှောက်လှမ်းရင်း ကဏ္ဍစုံလင်အောင်ဖော်ပြပေးနေသည့် သတင်းစာတစ်စောင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ❖**

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စာမျက်နှာ၂၀ထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင်၂၄ မျက်နှာထိလည်းကောင်း၊၂၀၁၅ ခုနှစ်တွင် ၃၂ မျက်နှာထိလည်းကောင်း တိုးချဲ့ထုတ်ဝေနိုင်ခဲ့သည့်အပြင်၂၀၁၈ ခုနှစ် မတ်၂၇ ရက်မှစတင်၍ စာမျက်နှာအားလုံးကို ရောင်စုံကာလာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ သတင်းစာအရည်အသွေး ပိုမိုကောင်းမွန်စေရေးနှင့်လုပ်ငန်းပိုမိုမြန်ဆန်ရေးအတွက် Orient X-CEL 4 Hi Tower Orient X-CEL ခေတ်မီစက်ကြီးများဖြင့် ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။

သတင်းစာ၏ သဘောသဘာဝသည် ဂျာနယ်၊ မဂ္ဂဇင်းများကဲ့သို့ အချိန်ယူဆောင်ရွက်၍မရ၊ လုပ်ငန်းသဘာဝကွဲပြားခြားနားသည်။ ထူးခြားသည့်သတင်း၊ ပြည်သူအများစိတ်ဝင်စားသည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းစားသုံးသူပြည်သူထံသို့ တင်ပြနိုင်အောင် ကြိုးစားကြရသည်။ သတင်းဆိုသည်မှာ ရပ်တည်နေသည်။ သတင်းစာတစ်စောင်ထဲတွင်ပင် အယ်ဒီတာ့အာဘော်၊ ပြည်တွင်း၊ ပြည်ပသတင်းများ၊ သုတရသဆောင်းပါးများ၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစသည်ဖြင့်လူတန်းစားအလွှာစုံမှ စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုနိုင်အောင် စီမံထားသည်။ နိုင်ငံတော်အဆင့်သတင်းများ၊ ပြည်တွင်း၊ ပြည်ပသတင်းများ၊ နိုင်ငံရေး၊ နိုင်ငံတကာရေးရာ၊ လူမှုရေး၊ ဥပဒေရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားဆောင်းပါး၊ သမိုင်းကြောင်းဆိုင်ရာဆောင်းပါးများနှင့် အားကစားသတင်းဆောင်းပါးများကို စုံလင်စွာဖော်ပြပေးမှုကြောင့် အများပြည်သူအတွက် အသိပညာဗဟုသုတများ ဖြန့်ဝေပေးနေသည့် ပြည်သူ့အကျိုးပြုသတင်းစာတစ်စောင်အဖြစ် ရပ်တည်နေသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၅၂၉ ဧကနှင့် ဖူးစားပြောင်း ၁၅၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၈ ဒသမ ၃၅ တင်းနှင့် ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၇၀၈၇ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပြောင်းသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများပေးခဲ့ကြောင်း၊ ပြောင်းသီးနှံများစိုက်ပျိုးရာတွင် ငွေကျပ်ငါးသိန်းခန့်ကုန်ကျစရိတ်ရှိပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်နှင့် ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဝါရင့်စာရေးဆရာကြီးများ၏ စေတနာပါသော၊ ရည်ရွယ်ချက်ကောင်းမွန်သောအသိပညာပေးဆောင်းပါးများကို စောင့်စားဖတ်ရှုနေကြသည့် သတင်းစာဖတ်ပရိသတ်များ တိုးတက်လာသည်။ ပင်တိုင်ဝါရင့်စာရေးဆရာကြီးများအပြင် ကလောင်သစ်စာရေးဆရာများ၏စာပေလက်ရာများကိုလည်းဖတ်ရှုနိုင်သည်။ ထို့ပြင် ကလေးစာပေ၊ ကုန်စည်ဈေးနှုန်း၊ နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ၊ နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ၊ ပြည်တွင်း၊ ပြည်ပအနုပညာသတင်း၊ သဘာဝဘေးအန္တရာယ်အသိပညာပေးကဏ္ဍများကိုပါ စုံလင်စွာထည့်သွင်းဖော်ပြပေးထားသည်။ အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြပေးသည့်ကဏ္ဍမှာလည်း အင်္ဂလိပ်ဘာသာဖြင့်လေ့လာဖတ်ရှုလိုသူနိုင်ငံခြားသားများအတွက် အထောက်အကူဖြစ်စေခဲ့သည်။

သတင်းစာတိုက်တွင် စာတည်းမှူးချုပ်မှအစပြု၍ စာတည်း၊ စာစီ၊ စာပြင်၊ ပုံနှိပ်၊ ဖြန့်ချိ စသည့်ဝိုင်းတော်သားအားလုံး၏စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရသည်။ တစ်ဦးချင်းစီမှ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်ကြရသည်။ တာဝန်ကြီးသည်။ ကိုယ်ပိုင်အချိန်များ ပေးဆပ်ကြရသည်။ စေတနာအပြည့်ထားကြသည်။ အားပေးဖတ်ရှုနေကြသည့် စာဖတ်ပရိသတ်ကိုမျက်နှာမူ၍ အလုပ်တွင်အာရုံနှစ်မြှုပ်ကာ တက်ညီလက်ညီဆောင်ရွက်ကြရသည်။ သူတို့၏အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများကို ရတနာပုံသတင်းစာကြေးမုံပြင်ပေါ်တွင် ကြည်လင်ပြတ်သားစွာ ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

မျက်မှောက်ကာလတွင် မီဒီယာ(Media)ကဏ္ဍသည် အရေးပါသည်။ မျက်မှောက်ကမ္ဘာကြီးတွင် မီဒီယာကို လက်နက်တစ်ခုအသွင် သုံးစွဲလာကြသည်။ မီဒီယာသည် ပေါက်ကွဲအားပြင်းထန်ပြီး လူအများအပြား သေကျေပျက်စီးနိုင်သည့် လက်နက်များထက် ကြောက်စရာကောင်းလာကြောင်း သတိမူကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် သတင်းစားသုံးကြရာတွင် သတင်းအဆိပ်သင့်မှုမခံစားကြရစေရန် သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်း၊ ဝါဒဖြန့်ချိသတင်း၊ သွေးခွဲသပ်လျှိုသတင်း၊ လှုံ့ဆော်သတင်းများနှင့် ကောလာဟလသတင်းများကို ပြည်သူများက စဉ်းစားချင့်ချိန် အသုံးပြုကြရမည့်အချိန်ကာလဖြစ်သည်။

သက်ရှိလူသားတိုင်း အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် နေ့စဉ်အစားအစာများကို စားသုံးနေကြရသကဲ့သို့ ပတ်ဝန်းကျင်နှင့် အဆက်မပြတ် ထိတွေ့နိုင်ရေးနှင့် အချိန်နှင့်တစ်ပြေးညီအခြေအနေမှန်များသိရှိနေစေရန် နေ့စဉ်သတင်းများကိုဖတ်ရှု၍ အသိဉာဏ်များကို ဖြည့်တင်းနေကြရမည်ဖြစ်သည်။ သတင်းစားသုံးမှုအတွက် သတင်းစာဖတ်ရှုလေ့လာခြင်းသည် အကောင်းဆုံးဖြစ်သည်။ မီဒီယာခေတ်ထဲတွင် အီလက်ထရွန်နစ်နည်းပညာများ မည်မျှပင်တိုးတက်နေစေကာမူ နေ့စဉ်ထုတ်သတင်းစာများသည် အရေးပါနေဆဲဖြစ်သည်။ အရေးပါသည့်သတင်းစာများထဲတွင် မန္တလေးမြို့မှ ထုတ်ဝေလျက်ရှိသည့် ရတနာပုံသတင်းစာသည် ၃၃ နှစ်တာ လမ်းခရီးတွင်တိုးတက်အောင်မြင်မှုများဖြင့် ပြည်သူ့အကျိုးပြုသတင်းစာတစ်စောင်အဖြစ် ရပ်တည်နေသည့် သုတ၊ ရသစုံလင်သည့် ရောင်စုံသတင်းစာတစ်စောင်အဖြစ် ထင်ရှားနေသည်။

အချုပ်အားဖြင့်ဆိုရသော် ပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ ရတနာပုံသတင်းစာသည် ၃၃ နှစ်တာဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို ဆန်းသစ်သောဖန်တီးမှုများနှင့်ပေါင်းစပ်ကာ တိုးတက်အောင်မြင်အောင်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ကြိုးပမ်းအားထုတ်မှု၏ အသီးအပွင့်များ ဝေဆာနေသည့် ရတနာပုံသတင်းစာသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ခိုင်ခိုင်မာမာဖြင့် ရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **စာပေစာနယ်ဇင်းဘဝတွေ့ကြုံရသမျှ (တက္ကသိုလ်မြတ်သူ)**
- **မန္တလေးနှင့်စာပေခရီးအမှတ်(၂)၊ ၂၀၀၂ ခုနှစ် ဇွန်လ**
- **သင်တန်းမှတ်စုများ**
- **နေ့စဉ်သတင်းစာများ**

## ပြည်သူ့သားကောင်းလုပ်သားအပေါင်း

- တည်ဆောက်ပြုပြင် ပြည်တစ်ခွင်ဝယ်
မြင်မြင်သမျှ ပသာဒနှင့်
လှပတင့်တယ် ရှုစဖွယ်များ
ကြီးငယ်ဆောက်အုံ မြင်ရပုံမှာ
စုံလင်များလှ တွေ့ကြရသည်။

- မိုးထိမြင့်မား တိုက်တာများနှင့်
တံတားတွေဆောက် လမ်းတွေဖောက်၍
ထောက်မဖေးကူ သယ်ဆောင်ယူပြီ
သူ၏လုပ်အား စွမ်းပကားမှာ
ဝင့်ကြွားဖွယ်ပင် ထူးခြားမြင်။

- ကိုယ့်ခွန်ကိုယ်အား စွမ်းပကားဖြင့်
အများကောင်းကျိုး ထမ်းသယ်ပိုးသည်
တိုးတက်ခေတ်မီ ခေတ်နှင့်ညီအောင်
စီစဉ်ကျနလုပ်အားပြလျက်
ကျရာဝန်တာထမ်းလျက်သာ။

- အလုပ်သမား သူ့လုပ်အားကြောင့်
ထူးခြားမြင်ရ လွန်လှပသည့်
မြင့်လှတိုက်တာ အိမ်ဂေဟာတို့
သူ့မှာမပိုင် မနေထိုင်လည်း
ကိုယ်တိုင်လုပ်အား စွမ်းပကားနှင့်
တည်ထားလက်ရာ အံ့ဖွယ်ရာ။

- ထိုနည်းတူစွာ ကိုးကွယ်ရာတွင်
မြင်သာထင်ရှား စေတီများ၏
တည်ထားလက်ရာ သပ္ပာယ်ပါသည်
ခိုင်မာကောင်းမွန် လွန်ထူးချွန်၏
ပြည့်မွန်လုပ်သား သူ့စိတ်ထားတည်း။

- လုပ်အားတန်ဖိုး ချစ်မြတ်နိုးလျက်
ရိုးသားကြိုးစား မြတ်စိတ်ထားဖြင့်
အများအကျိုး ထမ်းသယ်ပိုးသည့်
နိုးကြားသဏ္ဍာန် ရိုးသားမှန်သည်
မြန်မာ့လုပ်သားဂုဏ်မြင့်မား။

- လူမှုဝန်းကျင် အလှဆင်သည်
ဂုဏ်အင်များပြား လုပ်သားများကို
လေးစားသမှု စာဆိုပြုသည်
ပြည်သူ့သားကောင်းဖြစ်ပေသတည်း။ ။

(အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်)

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင် ဗော်လ်ဂိုဂရက်လေဆိပ်ကို စတာလင်ဂရက်လေဆိပ်အဖြစ် အမည်ပြောင်း

မော်စကို ဧပြီ ၃၀

ဗော်လ်ဂိုဂရက် လေဆိပ်ကို စတာလင်ဂရက် နိုင်ငံတကာ လေဆိပ်ဟူ၍ အမည်ပြောင်းထားသည့်အထူးအမိန့်ဒီကရီတစ်ရပ်ကို ရုရှားသမ္မတပူတင်က ဧပြီ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဗော်လ်ဂိုဂရက်မြို့သည် တစ်ချိန်က စတာလင်ဂရက်မြို့အဖြစ် ကမ္ဘာသိခဲ့သော မြို့တော်ကြီးဖြစ်ပြီး ဒုတိယကမ္ဘာစစ်၏ အကြီးမားဆုံး မြေပြင်တိုက်ပွဲဖြစ်ပွားခဲ့ရာနေရာလည်းဖြစ်သည်။

စတာလင်ဂရက် တိုက်ပွဲတွင် ရုရှားတပ်နီတော်က ဂျာမနီနာဇီတပ်များကို အောင်ပွဲခံနိုင်ပြီး ဒုတိယကမ္ဘာစစ်၏အခြေအနေကို ပြောင်းလဲနိုင်ခဲ့သည်။

၁၉၄၁-၁၉၄၅ ခုနှစ် မဟာမျိုးချစ်စစ်ပွဲကြီး၌ ဆိုဗီယက်ပြည်သူများ၏ အောင်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ဗော်လ်ဂိုဂရက်နိုင်ငံတကာလေဆိပ်ကို စတာလင်ဂရက်လေဆိပ်ဟူ၍ အမည်ပြောင်းထားကြောင်း သမ္မတပူတင်၏ အထူးအမိန့်ဒီကရီ၌ ဖော်ပြထားသည်။

ဆိုဗီယက်ပြည်သူ ၂၂ သန်းနှင့် ၂၇ သန်းကြား သေဆုံးခဲ့ရသော ဒုတိယကမ္ဘာစစ်ကို ရုရှားနိုင်ငံသားများက မဟာမျိုးချစ်စစ်ပွဲကြီးဟူ၍ ရည်ညွှန်းလေ့ရှိကြသည်။

ဆိုဗီယက်အစိုးရသည် စတာလင်ဂရက်မြို့ကို ဗော်လ်ဂိုဂရက်မြို့ဟူ၍ ၁၉၆၁ ခုနှစ်တွင် နာမည်ပြောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗီယက်နမ်စစ်ပွဲပြီးဆုံးမှု နှစ် ၅၀ ပြည့် အခမ်းအနားကျင်းပ



ဟနွိုင်း ဧပြီ ၃၀

ဗီယက်နမ်စစ်ပွဲပြီးဆုံးမှု နှစ် ၅၀ ပြည့် အခမ်းအနားများကို ယနေ့တွင် ကျင်းပခဲ့ရာ ဗီယက်နမ်ပြည်သူများ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဗီယက်နမ်စစ်ပွဲပြီးဆုံးမှု နှစ် ၅၀ ပြည့်အထိမ်းအမှတ်အဖြစ် ဟိုချီမင်းမြို့၌ ခမ်းနားသည့် စစ်ရေးပြချီတက်ပွဲတစ်ခု ကျင်းပခဲ့ရာ ဗီယက်နမ်တပ်ဖွဲ့ဝင်ရာပေါင်းများစွာ ပါဝင်ခဲ့ကြသည်။

ဗီယက်နမ်စစ်ပွဲ၌ ဗီယက်နမ်ပြည်သူများရရှိခဲ့သော အောင်ပွဲသည် သစ္စာတရား၏ အောင်ပွဲပင်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်းက ယနေ့တွင် ပြောကြားခဲ့သည်။

မြောက်ဗီယက်နမ်ကွန်မြူနစ်တပ်ဖွဲ့ဝင်များသည် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် အမေရိကန်နိုင်ငံ ကျောထောက်နောက်ခံပြု တောင်ဗီယက်နမ်နိုင်ငံ၏ ဆိုင်ဂုံမြို့ကို သိမ်းပိုက်ခဲ့ရာ နှစ်ပေါင်း ၂၀ ကြာ ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့ရသည်။

မြောက်ဗီယက်နမ်တပ်ဖွဲ့ဝင်များသည် တောင်ဗီယက်နမ်မှ နောက်ဆုံးတပ်ဖွဲ့များကို အမေရိကန်အစိုးရက ပြန်လည်ရုပ်သိမ်းပြီး နှစ်နှစ်ခန့်အကြာတွင် ဆိုင်ဂုံမြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် စစ်ပွဲအတွင်း ဗီယက်နမ်ပြည်သူ သုံးသန်းခန့်နှင့် အမေရိကန်နိုင်ငံသား ၆၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။

မြောက်ဗီယက်နမ် ကွန်မြူနစ် တပ်ဖွဲ့များသည် ဆိုင်ဂုံမြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် မြောက်ဗီယက်နမ်ခေါင်းဆောင် ဟိုချီမင်းကို ဂုဏ်ပြုသည့်အနေဖြင့် ဟိုချီမင်းမြို့ဟူ၍ အမည်ပြောင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မြောက်ကိုရီးယားက ချီယွန်းစစ်သင်္ဘောသစ်၏ လက်နက်စနစ်များ စမ်းသပ်ပစ်ခတ်

ပြုံယမ်း ဧပြီ ၃၀

မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီကမှ ရေချထားသည့် ချီယွန်းအမည်ရှိ စစ်သင်္ဘောသစ်၏ လက်နက်စနစ်များကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရအာဘော် ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ချီယွန်း စစ်သင်္ဘောသစ်၏ လက်နက်စနစ်များစမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန၏အဆိုအရ သိရသည်။



မြောက်ကိုရီးယားနိုင်ငံသည် ချီယွန်းစစ်သင်္ဘောသစ်ကို ဧပြီ ၂၅ ရက်တွင် ရေချခဲ့ပြီးနောက် ၎င်းသင်္ဘော၏ လက်နက်စနစ်များကို ပထမဆုံးအကြိမ် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

တန်ချိန် ၅၀၀၀ ရှိသည့် ချီယွန်းစစ်သင်္ဘော၌ မြောက်ကိုရီးယား၏ စွမ်းပကားအထက်မြက်ဆုံးလက်နက်စနစ်များ တပ်ဆင်ထားကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကေစီအင်န်အေသတင်းဌာန၏ အဆိုအရ ဧပြီ ၂၉ ရက်တွင် ချီယွန်းစစ်သင်္ဘော၌ တပ်ဆင်ထားသည့် ခရုစ်ဒုံးကျည်စနစ်များ၊ လေယာဉ်ပစ်ဒုံးကျည်စနစ်များနှင့် အမြောက်စနစ်များကို စမ်းသပ်ခဲ့ကြသည်။

ချီယွန်း စစ်သင်္ဘောသစ်ကို လာမည့်နှစ်တွင် မြောက်ကိုရီးယားရေတပ်သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံအတွင်းနေထိုင်သည့် ပါကစ္စတန်နိုင်ငံသားများ နယ်စပ်ပေါက်များဆီသို့ ဦးတည်ထွက်ခွာ



ဒေလီ ဧပြီ ၃၀

အိန္ဒိယနိုင်ငံ ဂျမ္မူနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကြောင့် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား တင်းမာမှုမြင့်တက်လာချိန်တွင် အိန္ဒိယနိုင်ငံအတွင်း နေထိုင်သည့် ပါကစ္စတန်နိုင်ငံသားများသည် နယ်စပ်ပေါက်များဆီသို့ ဦးတည်ထွက်ခွာနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဧပြီ ၂၂ ရက်က အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံအတွင်းရောက်ရှိနေသည့် ပါကစ္စတန်နိုင်ငံသားအားလုံး ပြန်လည်ထွက်ခွာရန် အိန္ဒိယအစိုးရက ညွှန်ကြားထားသည်။

ပါကစ္စတန် နိုင်ငံသားများအနေဖြင့် ဧပြီ ၂၇ ရက်နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံမှထွက်ခွာပေးရမည်ဖြစ်သော်လည်း ပါကစ္စတန်နိုင်ငံသားအများအပြားမှာ နယ်စပ်ဝင်ပေါက်များဆီသို့ ဆက်လက်ထွက်ခွာနေကြဆဲဖြစ်သည်။

အဆိုပါ ပါကစ္စတန်နိုင်ငံသားများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ် အက်တာရီမြို့ နယ်စပ်မှတစ်ဆင့် ပါကစ္စတန်နိုင်ငံဘက်ခြမ်းသို့ ပြန်လည်ဝင်ရောက်ကြမည်ဖြစ်သည်။

ဂျမ္မူနှင့် ကတ်ရှ်မီးယားဒေသ ပါဟယ်ဂမ်မြို့အနီး ဧပြီ ၂၂ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအတွင်း စစ်သွေးကြွများအဖြစ် ယူဆရသူများ၏ လက်ချက်ကြောင့်အမျိုးသား ၂၆ ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာများ ရရှိခဲ့သည်။

၎င်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါကစ္စတန်အကြမ်းဖက်သမားများပါဝင်နေကြောင်း အိန္ဒိယအစိုးရက ကြေညာထားပြီး ပါကစ္စတန်နိုင်ငံအပေါ် သံတမန်ရေးအရ အရေးယူမှုများပြုလုပ်ခဲ့ရာ နှစ်နိုင်ငံ ဆက်ဆံရေး ဆိုးရွားစွာ တင်းမာခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

## တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ်၌ အဆောက်အအုံတစ်လုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ၁၇ ဦး ဒဏ်ရာများရရှိ





ပေကျင်း ဧပြီ ၃၀

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် လူနေဒေသတစ်ခု၌ ယနေ့တွင် အဆောက်အအုံပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၇ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများမှ မှန်ပြတင်းပေါက်များ ကွဲကြေခဲ့ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အဆောက်အအုံ ပေါက်ကွဲမှုဖြစ်ပွားရခြင်းနောက်ခံအကြောင်းရင်းကို တရုတ်နိုင်ငံပိုင်မီဒီယာများက ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် အဆောက်အအုံရှေ့ရှိမော်တော်ယာဉ်အချို့ကိုလည်း မီးလောင်ကျွမ်းခဲ့ကြောင်း တရုတ်လူမှုကွန်ရက်သုံးစွဲသူများ၏ ဗီဒီယိုမှတ်တမ်းများအရ သိရသည်။

လက်ရှိအချိန်တွင် မီးသတ်သမားဦးရေ ၂၁၀ နှင့် မီးသတ်ယာဉ် ၄၃ စီးတို့သည် ပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံကို မီးငြိမ်းသတ်လျက်ရှိပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကိုပါ လုပ်ဆောင်နေကြောင်း သိရသည်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ စားသောက်ဆိုင်မီးလောင်မှုကြောင့် လူ ၂၂ ဦး သေဆုံးခဲ့ပြီး တစ်ရက်အကြာတွင် ရှန်ရှီးပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် Space-X ကုမ္ပဏီ လွှတ်တင်




ဝါရှင်တန် မေ ၃၀

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မေ ၂၉ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မေ ၂၉ ရက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်သည် Space-X ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် အကြိမ် ၅၀ မြောက် မစ်ရှင်ဖြစ်သည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင်များအနက် ၃၃ ခုမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အယ်လ်ဖာဒုံးပျံကို ခြောက်ကြိမ်မြောက်အဖြစ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိ

ဝါရှင်တန် မေ ၃၀

Firefly Aerospace ကုမ္ပဏီသည် အယ်လ်ဖာအမည်ရှိဒုံးပျံကို ခြောက်ကြိမ်မြောက်အဖြစ် မေ ၂၉ ရက်တွင် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိဘဲ ဒုံးပျံပျက်ကျခဲ့ရကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် အယ်လ်ဖာဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် အယ်လ်ဖာဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် အမြင့် ၁၉၉ မိုင်ထိ ရောက်ရှိချိန်တွင် ဆက်လက်ပျံတက်နိုင်မှုမရှိတော့ဘဲ အန္တာတိကဒေသအနီး ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

အယ်လ်ဖာဒုံးပျံပျက်ကျခဲ့ရမှုကို အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီနှင့်ပူးတွဲ၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် Firefly Aerospace ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

မေ ၂၉ ရက် မစ်ရှင်အတွင်း ပျက်ကျခဲ့သော အယ်လ်ဖာဒုံးပျံသည် နည်းပညာစမ်းသပ်ဂြိုဟ်တု တစ်စင်းကို သယ်ဆောင်ထားကြောင်း သိရသည်။



ကိုယ်ထည်အလျား ၉၆ ဒသမ ၇ ပေရှိသည့် အယ်လ်ဖာဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၁၀၃၀ ရှိ ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအသုတ်ဂြိုဟ်တုများကို Amazon ကုမ္ပဏီ လွှတ်တင်ခဲ့

ဝါရှင်တန် မေ ၃၀

အမေရိကန်နိုင်ငံ အခြေစိုက် Amazon ကုမ္ပဏီသည် ၎င်း၏ ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအသုတ် ဂြိုဟ်တုများကို မေ ၂၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။



Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုပါ ဂြိုဟ်တု ၂၇ စင်းကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အက်တလပ်စ်-၅ ဒုံးပျံသည် ပရောဂျက်ကွိုပါ ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် မိုင် ၄၀၀ အကွာရှိပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၃၂၀၀ ဖြင့် တည်ဆောက်ရန် စီစဉ်ထားပြီး Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ရာတွင် အက်တလပ်စ်-၅ဒုံးပျံအပြင် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံကိုလည်း အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ခုခံအားစနစ်ကုထုံးတစ်မျိုးက ဦးခေါင်းနှင့်လည်ပင်း ကင်ဆာလူနာများ၏ သက်တမ်းကိုဆန့်ထုတ်နိုင်

လန်ဒန် မေ ၃၀

ခုခံအားစနစ် ကုထုံးသစ်တစ်မျိုးသည် ဦးခေါင်းနှင့်လည်ပင်း ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက မေ ၂၉ ရက်တွင် ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုအဆင့်-၃ မှ ပေါ်ထွက်လာသည့် ရလဒ်များအရ Rembrolizumab အမည်ရှိ အဆိုပါခုခံအားစနစ်ကုထုံးကို ပုံမှန်ကုထုံးများနှင့် တွဲဖက်အသုံးပြုပါက ဦးခေါင်းနှင့်လည်ပင်းကင်ဆာလူနာများ၏ဘဝသက်တမ်းကိုဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

Pembrolizumab ကုထုံးကို ပုံမှန်ကုထုံးများနှင့် တွဲသုံးပါက ဦးခေါင်းနှင့်လည်ပင်းကင်ဆာလူနာများအနေဖြင့် ရောဂါပျောက်ကင်းသက်သာချိန် လပေါင်း ၆၀ ထိ ရယူခံစားနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လက်တွေ့စမ်းသပ်မှုအဆင့်-၃ တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ ဦးခေါင်းနှင့်လည်ပင်းကင်ဆာလူနာ ၇၁၄ ဦးတို့ကို Pembrolizumab ကုထုံးဖြင့် ကုသပေးခဲ့ကြကြောင်း သိရသည်။

Pembrolizumab ကုထုံးကို မသုံးဘဲ ပုံမှန်ကုထုံးသာရယူခဲ့သူ လူနာများတွင် ရောဂါပျောက်ကင်းသက်သာနေချိန်မှာ ပျမ်းမျှအားဖြင့် လပေါင်း ၃၀ ထိသာရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ချက်ကြိုးသွေးကိုလေ့လာခြင်းဖြင့် ကလေးများ၏ ရေရှည်ကျန်းမာရေးကို ကြိုတင်ခန့်မှန်းနိုင်

နယူးယောက် မေ ၃၀

ချက်ကြိုးအတွင်းရှိ သွေးကို လေ့လာဆန်းစစ်ခြင်းဖြင့် ကလေးများ၏ ရေရှည်ကျန်းမာရေးအခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၂၉ ရက်တွင်ပြောကြားသည်။

ကလေးချက်ကြိုးသွေးအတွင်း တွေ့ရှိရသော မျိုးဗီဇအချက်အလက်များသည် ၎င်းကလေးများအနေဖြင့် အသက်ရလာချိန်တွင် ဆီးချိုရောဂါ၊ လေဖြတ်ခြင်းနှင့် အသည်းရောဂါများခံစားရနိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ခန့်မှန်းနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ကလေးချက်ကြိုးသွေးကို လေ့လာဆန်းစစ်၍ ကလေး၏ ရေရှည်ကျန်းမာရေး ပြဿနာများကိုမှန်းဆနိုင်ခဲ့ပါက ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်ဟု အမေရိကန် သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကလေး ၃၈ ဦးတို့၏ ချက်ကြိုးသွေးနမူနာများကို မျိုးဗီဇစစ်ဆေးစမ်းသပ်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ချက်ကြိုးသွေးအတွင်းရှိ မျိုးဗီဇများသည် ကလေးများ အသက် ခုနစ်နှစ်နှင့် ၁၂ နှစ်ကြား ရင်ဆိုင်ရမည့် ကျန်းမာရေးပြဿနာများ ကြိုတင်ခန့်မှန်းနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဥပမာအားဖြင့် ချက်ကြိုးသွေးအတွင်းရှိ TN53 ခေါ် မျိုးဗီဇတစ်မျိုး၏အပြောင်းအလဲမှာ အသည်းအဆီဖုံးမှု၊ အသည်းရောင်ရမ်းမှု သို့မဟုတ် အသည်းပျက်စီးမှုတို့နှင့်ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတွင် အနီကတ်ပြသခံရသည့် ခံစစ်ကစားသမား ရူဒီဂါ ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**မက်ဒရစ် မေ ၂၀**

ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပွဲအပြီးတွင် ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့သည့် ခံစစ်ကစားသမား ရူဒီဂါသည် အနီကတ်ပြသခံရပြီးနောက် ယခုအခါ ခြောက်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အချိန်ပိုပွဲကစားချိန် မိနစ် ၁၂၀ အပြီးတွင် လူစားလဲထားသည့် ခံစစ်ကစားသမား ရူဒီဂါနှင့် ဗက်ကွက်ဇ်တို့က ကွင်းအတွင်း ဝင်ရောက်လာကာ ကွင်းလယ်ဒိုင်ကို ရန်လိုသည့် အပြုအမူ လုပ်ခဲ့သည့်အတွက် အနီကတ် ပြသခံရသည့်အပြင် ဘယ်လင်ဟမ် အနေဖြင့်လည်း အဆိုပါရေိယာအတွင်း ရှိနေပြီး ကွင်းလယ်ဒိုင်ကို ဆန့်ကျင်ခဲ့သောကြောင့် အနီကတ်ပြသခံခဲ့ရပြီး ယင်းဖြစ်စဉ်တွင် ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်ကို ရီးရဲလ်မက်ဒရစ်အသင်းက ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

စပိန်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ကွင်းလယ်ဒိုင်ကို ရန်လိုခဲ့သည့် ရူဒီဂါကို ခြောက်ပွဲပယ်ပြစ်ဒဏ်နှင့် ဗက်ကွက်ဇ်ကို နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကာ ပြစ်မှုထင်ရှားခြင်း မရှိသည့် ဘယ်လင်ဟမ်ကို အနီကတ်ပြစ်ဒဏ်မှ ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ရူဒီဂါသည် ဘာစီလိုနာအသင်းနှင့်ဗိုလ်လုပွဲစဉ်တွင် အချိန်ပိုပွဲကစားချိန် ၁၁၁ မိနစ်တွင် ဒူးဒဏ်ရာ ရရှိခဲ့သည့်အတွက် လူးစားလဲခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာအခြေအနေမှာ နှစ်လခန့် အနားယူရမည် ဖြစ်သောကြောင့် လာလီဂါ လက်ကျန်ပွဲစဉ်များ အပါအဝင် ဇွန်လတွင်ကစားရမည့် ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲကိုပါ လွဲချော်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းကို ဦးဆောင်ဂိုးသွင်းယူခဲ့သည့် တောင်ပံကစားသမား ဒမ်ဘီလီအနေဖြင့် မိနစ် ၇၀ တွင် ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် လာမည့်ရက်သတ္တပတ်တွင် ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင်ပါဝင်ရန် သေချာမည် မဟုတ်ကြောင်း နည်းပြအန်းနရစ်က ပွဲအပြီး သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။
- ❑ မွန်ဇာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပြိုင်ဘက်ကစားသမားကို ရန်လိုသည့်အပြုမူကြောင့် ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ရဲလ်ဒိဇ် နှစ်ပွဲပယ်ပြစ်ဒဏ် ကျခံရသည့်အပြင် ဒဏ်ငွေ ယူရို ၁၀၀၀၀ ပေးဆောင်ခဲ့ရကြောင်း ဂျူဗင်တပ်အသင်းက ထုတ်ပြန်ခဲ့သည်။
- ❑ ကွင်းလယ်ကစားသမား အယ်လစ်စတာကို ယူရို သန်း ၉၀ ဖြင့် ခေါ်ယူ၍ မိုဒရစ်နေရာတွင်အစားထိုးရန် ရီးရဲလ်မက်ဒရစ် အသင်းက ပြင်ဆင်နေသော်လည်း လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ထိ အလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ဆော်ဒီကလပ် အယ်အာလီအသင်း အေအက်ဖ်စီချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်



**ရီယာဒ် မေ ၂၀**

အေအက်ဖ်စီ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဆော်ဒီ ပရိုလိဂ်အသင်းများဖြစ်သည့် အယ်ဟိုင်လာအသင်းနှင့် အယ်အာလီ အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ရာ အယ်အာလီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်သည် ဥရောပ ထိပ်သီး ကစားသမားများကိုခေါ်ယူထားသည့် ကလပ်များဖြစ်သည့် အတွက်ပွဲစကတည်းက အကြိတ်အနယ်ကစားခဲ့ရာ ပွဲကစားချိန် ကိုးမိနစ်အရောက်တွင် အယ်အာလီ အသင်းတိုက်စစ်မှူး ဖာမင်နိုက အသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်အယ်ဟိုင်လာ အသင်းကို ဆက်တိုက်ဖိအားပေးမှုများ ပြုလုပ်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် တိုနေးက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် အယ်ဟိုင်လာအသင်း တိုက်စစ်မြှင့်တင်လာခဲ့သောကြောင့် ပွဲချိန် ၄၂ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အယ်အာလီ အသင်းက အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် အယ်ဟိုင်လာ အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုမလုပ်နိုင်ခဲ့ဘဲ ပွဲချိန် ၅၉ မိနစ်တွင် ကူလီဘာလေ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီးနောက် အယ်အာလီအသင်းကသာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ ပွဲချိန် ၈၄ မိနစ်တွင် ပင်နယ်တီ ကန်သွင်းခွင့်ရခဲ့ပြီး ဘိုနီက ကာကွယ်နိုင်ခဲ့သဖြင့် အယ်ဟိုင်လာအသင်း သက်သာရာရခဲ့ကာ လက်ကျန်ပွဲချိန်များတွင် တစ်ယောက်လျော့ဖြင့် ကစားနေရသည့် အယ်ဟိုင်လာအသင်း ကစားအားကျဆင်းလာခဲ့သဖြင့် အယ်အာလီအသင်းက တတိယဂိုး သွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အယ်အာလီ အသင်းသည် အေအက်ဖ်စီဖလား ဗိုလ်လုပွဲ နှစ်ကြိမ် တက်ရောက်ဖူးသော်လည်း တစ်ကြိမ်မှ ဆုဖလားရယူနိုင်ခြင်းမရှိခဲ့သဖြင့် ယခုတစ်ကြိမ်တွင် ဆုဖလားရရှိရန် မျှော်မှန်းထားပြီး ဗိုလ်လုပွဲတွင် အယ်နာဆာအသင်းနှင့် ကာဝါဆာကီအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# ဂိုးသမား မာတီနက်ဇ်နေရာတွင် အက်စ်ပန်ညိုဂိုးသမား ဂါစီယာနှင့်အစားထိုးရန် နည်းပြအမ်မရီပြင်ဆင်

**လန်ဒန် မေ ၂၀**



အေဗီလာအသင်း နည်းပြ အမ်မရီသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်တွင် ဂိုးသမား မာတီနက်ဇ်၏ မှားယွင်းမှုကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် လာမည့်နွေရာသီတွင် အက်စ်ပန်ညိုအသင်း၌ လက်စွမ်းပြနေသည့် ဂိုးသမား ဂါစီယာနှင့် အစားထိုးရန်ပြင်ဆင်နေကြောင်း သိရသည်။

ဂိုးသမား မာတီနက်ဇ်သည် ပီအက်စ်ဂျီအသင်းနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် လက်စွမ်းပိုင်း ကျဆင်းခဲ့သည့်အပြင် အမှားများစွာကျူးလွန်ခဲ့သဖြင့် နှစ်ကျော့ပေါင်း ပေးဂိုး ငါးဂိုးထိ ခွင့်ပြုခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် မာတီနက်ဇ်၏ အနာဂတ်မှာ အေဗီလာအသင်းတွင် ရေရာမှုမရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အသက် ၂၃ နှစ်ရှိ အက်စ်ပန်ညိုဂိုးသမား ဂါစီယာသည် လာလီဂါထိပ်သီးအသင်းများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်း တို့၏ အာရုံစိုက်မှုကို ခံနေရသူဖြစ်သော်လည်း နည်းပြအမ်မရီက ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၂၁ သန်းဖြင့်ခေါ်ယူရန် ဆုံးဖြတ်ထားပြီး အက်စ်ပန်ညိုအသင်း တန်းဆင်းရပါက ၎င်း၏ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် ၁၅ သန်းထိ လျော့ကျနိုင်သော်လည်း အက်စ်ပန်ညိုအသင်းအနေဖြင့် တန်းဆင်းဇုန်အထက် ရမှတ်ခုနစ်မှတ် ဖြတ်တောက်ထားနိုင်သောကြောင့် တန်းမဆင်းရပါက စာချုပ်ဖျက်သိမ်းကြေးမှာ တိုးလာနိုင်ကြောင်း သိရသည်။

ဂိုးသမား ဂါစီယာသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် အက်စ်ပန်ညိုအသင်းအတွက် ဂိုးပေါက်ကာကွယ်မှု ရာခိုင်နှုန်း ၉၀ ကျော်ထိ ပြုလုပ်ထားသည့်အတွက် လာလီဂါပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# WBA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မီလီကူဇီရက်ဖ်နှင့် ဖူလ်ဂမ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

**ပနားမား မေ ၂၀**

WBA စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ဥဇဘက်ကစ္စတန် လက်ဝှေ့သမား မီလီကူဇီရက်ဖ်နှင့် အမေရိကန် လက်ဝှေ့သမား ဖူလ်ဂမ်တို့ မေ ၃၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မီလီကူဇီရက်ဖ်သည် WBO Global စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအတွက် ထိုးသတ်ခွင့်ရရှိထားသူဖြစ်ကာ လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၆ ပွဲ ထိုးသတ်ထားပြီး တစ်ပွဲသာ ရှုံးနိမ့်ထားသူလည်းဖြစ်သည်။

WBA စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် ထိုးသတ်ခွင့်ရရှိထားသည့် ဖူလ်ဂမ်မှာ ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၁၄ ပွဲထိုးသတ်ထားသည်။

မီလီကူဇီရက်ဖ်က “ကျွန်တော်အရမ်းဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုဖြစ်မြောက်တော့မယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်ခွင့်ရရှိရေးဆိုတာ ကျွန်တော့် ကစားသမားဘဝရဲ့ ဦးစားပေး ရည်မှန်းချက်ဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်ဘဝအတွက် အရမ်းကိုအဓိပ္ပာယ်ရှိတဲ့ စိန်ခေါ်ပွဲတစ်ပွဲပါ”ဟု ပြောကြားခဲ့သည်။

ဖူလ်ဂမ်က “ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ပွဲထိုးသတ်ခွင့်ရတော့မှာကို အရမ်းစိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော့်အနေနဲ့ အစစအရာရာ အကောင်းဆုံး ပြင်ဆင်ထားတယ်။ ဒီစိန်ခေါ်ပွဲကို ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ Golden Boy Promotion ကုမ္ပဏီကိုလည်း ကျွန်တော့်ရဲ့ဆန္ဒတွေကို အမြဲတမ်းအကောင်အထည်ဖော်ပေးလို့လည်း ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# MNL League Cup 2025 ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားနှင့် ရတနာပုံအက်ဖ်စီအသင်းတို့နိုင်ပွဲရရှိ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။




MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယနေ့ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်တွင် ဝိုင်းလု၊ ပွဲချိန် ၄၁ မိနစ်တွင် မောင်မောင်စိုး၊ ပွဲချိန် ၆၁ မိနစ်တွင် ဖွဲမာန်နှင့် ပွဲချိန် မိနစ် ၈၀ နှင့် ၉၁ မိနစ်တို့တွင် ဖော်ဖော်ထိုက်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီ ပဒုမ္မာအားကစားကွင်းတွင် ရာမညယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၉ မိနစ်နှင့် ၅၉ မိနစ်တို့တွင် ပြည့်မိုး၊ ပွဲချိန် ၅၂ မိနစ်တွင် ရန်ကျော်စိုး၊ ပွဲချိန် ၅၇ မိနစ်တွင် ဝေယံဖြိုး၊ ပွဲချိန် ၈၂ မိနစ်တွင် စိုးထက်ဝင်းနှင့် ပွဲချိန် ၉၃ မိနစ်တွင် စိုးကျော်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ကာ ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၅ မိနစ်တွင် လွင်မျိုးအောင်၊ ပွဲချိန် ၇၆ မိနစ်တွင် ချမ်းငြိမ်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက ၁၁ ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ဆွမ်လမန်၊ ပွဲချိန် ၂၄ မိနစ်၊ ၂၈ မိနစ်၊ ၆၇ မိနစ်၊ ၆၈ မိနစ်နှင့် ၇၃ မိနစ်တို့တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၄၂ မိနစ်တွင် ရန်နိုင်ဦး၊ ပွဲချိန် ၆၃ မိနစ်တွင် မိုးဆွေ၊ ပွဲချိန် ၇၂ မိနစ်နှင့် ၉၁ မိနစ်တို့တွင် ထက်ဖြိုးဝေနှင့် ပွဲချိန် ၉၃ မိနစ်တွင် ချမ်းငြိမ်းအောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ ငွေကြယ်ပွင့်လေးများအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်တွင် အောင်အောင်နှင့် ပွဲချိန် ၈၂ မိနစ်တွင် ညီညီထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

# မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှု လက်ရွေးစင် ကစားသမားရွေးချယ်ပွဲကို မေ ၁၇ ရက်တွင်ကျင်းပမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ပဏာမကစားသမားရွေးချယ်ပွဲကို လာမည့် မေ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့သည် ယခုနှစ်အတွင်း လာမည့် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်ထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပွဲအပြင် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတို့ကို ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပွဲအတွက် ပဏာမကစားသမား ရွေးချယ်ရာတွင် နိုင်ငံတကာပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မျိုးဆက်သစ်ကစားသမားမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည့်အပြင် ပြီးခဲ့သည့် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ကစားခဲ့သူများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အလားတူ (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ရာတွင် နိုင်ငံတကာပြိုင်ပွဲများတွင် လက်ရွေးစင်ကစားသမားအဖြစ်ပါဝင်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများမှ ရွေးချယ်သွားမည်ဖြစ်ပြီး Men's Body building၊ Men's Athletic Physique၊ Men's Sports Physique၊ Women's Athletic Physique၊ Women's Model Physique စသည့် အားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို မေ ၉ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ STA

# Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အသင်းများအတွက် အသင်းခေါင်းဆောင်များအဖြစ် စနိဒီကာနှင့် အိုဂီဗီတို့ ရွေးချယ်ခံရ






**အီလီနွိုင်း မေ ၁၀**

အမေရိကန်နိုင်ငံ အီလီနွိုင်းပြည်နယ်တွင် ကျင်းပသွားမည့် 2026 Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းနှင့် အင်တာနေရှင်နယ်အသင်းတို့အတွက် အသင်းခေါင်းဆောင်များ ခန့်အပ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီး အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် စနိဒီကာအား ရွေးချယ်ပြီး အင်တာနေရှင်နယ်အသင်းအတွက် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား အိုဂီဗီတို့အား ရွေးချယ်ကြောင်း သက်ဆိုင်ရာ ဂေါက်သီးရိုက်အဖွဲ့ချုပ်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

စနိဒီကာက "အမေရိကန်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရလို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်ကို အခုလိုယုံကြည်စွာနဲ့ ရွေးချယ်တာဝန်ပေးခဲ့တဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အိုဂီဗီက "ကျွန်တော့်ကို အခုလိုဂုဏ်ယူစရာကောင်းတဲ့ တာဝန်မျိုးပေးအပ်ခဲ့တဲ့အတွက် အရမ်းကို ဝမ်းသာဂုဏ်ယူမိပါတယ်။ အင်တာနေရှင်နယ်အသင်းအတွက် ကျွန်တော်အကောင်းဆုံး ကြိုးစားပေးသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဂိုးသမား ကော့တွိုက်ကိုသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ရီးရဲလ်မက်ဒရစ်အသင်း သဘောတူညီမှုရရှိ

**မက်ဒရစ် မေ ၁၀**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိကဂိုးသမား ကော့တွိုက်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဂိုးသမား ကော့တွိုက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ကာ ရီးရဲလ်မက်ဒရစ် အသင်း ဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး လက်ရှိ ဘောလုံးလောကတွင် အကောင်းဆုံး ဂိုးသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

ကော့တွိုက်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအပြီးတွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ နောက်ထပ်နှစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# Italian Open တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ဂျိုကိုဗစ်ပြောကြား

**ဘဲလ်ဂရိတ် မေ ၁၀**

ဆာဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် Italian Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ပြင်ဆင်ထားသော်လည်း ပါဝင်ယှဉ်ပြိုင်ဖြစ်မည်မဟုတ်သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

Italian Open တင်းနစ်ပြိုင်ပွဲသည် မေ ၇ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး ဂျိုကိုဗစ်အနေဖြင့် ပုံစံကောင်းများ ပျောက်ဆုံးနေသကဲ့သို့ ကြံ့ခိုင်မှုလည်းမပြည့်ဝသည့်အတွက် မူလကစီစဉ်ထားသည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂရန်းစလန်းဆုဖလား ၂၄ လုံးထိရရှိထားပြီး တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား အများဆုံးရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသည့် ဂျိုကိုဗစ်အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ဂရန်းစလန်းဆုဖလား တစ်လုံး ထပ်မံဆွတ်ခူးနိုင်ရေးကို အဓိက ပစ်မှတ်ထားနေခြင်း ဖြစ်ပြီး Italian Open တင်းနစ်ပြိုင်ပွဲပြီးလျှင် ဂရန်းစလန်းဆုဖလား အမျိုးအစားဖြစ်သည့် ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပမည် ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်သည်။

ဂျိုကိုဗစ်သည် Italian Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီကိုလည်း အသိပေးထားပြီးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အင်းဝမြို့က တိမ်မြုပ်နေသော ရေနန်းတော် (အပိုင်း-၂)

ဗိုလ်ရှိတ်(ရတနာပူရ)



အင်းဝမြို့ဟောင်းရှိ ရေနန်းတော်ကို တွေ့မြင်ရစဉ်။

ရှေးမြန်မာမင်းတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်နေခဲ့ကြသော ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့်လူမျိုးများဖြစ်ကြပြီး ခမ်းနားထည်ဝါသောနန်းတော်ကြီးများကို တည်ဆောက်၍ စိုးစံခဲ့ကြသည်။ မြန်မာတို့၏ နန်းတော်တည်ဆောက်ခြင်းဓလေ့သည် ခရစ်မပေါ်မီ ဘီစီ ၂ ရာစုကတည်းက တည်ရှိခဲ့သည်။ မိုင်းတေပျူမြို့ဟောင်းသည် ဘီစီ ၂ ရာစုကတည်းက တည်ရှိခဲ့သော မြို့ဟောင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ဆိုကြသဖြင့် နန်းတော်တည်ဆောက်ခြင်းဓလေ့သည် ဘီစီ ၂ ရာစုကတည်းကဟုဆိုခဲ့ခြင်းဖြစ်သည်။ မိုင်းမော၊ ဗိဿနိုး၊ သရေခေတ္တရာ စသည့်ပျူမြို့ဟောင်းများတွင် ရှင်ဘုရင်တို့စံရာ နန်းတော်အုတ်ခုံများ ထင်ရှားစွာ တွေ့ရသည်။ ထို့ကြောင့် မြန်မာတို့သည် နန်းတော်ဆောက်၍နေထိုင်သည့်ယဉ်ကျေးမှုသည် ပျူခေတ်မှ ရတနာပုံခေတ်ထိ အစဉ်အဆက် ဆက်ခံတည်ဆောက်ခဲ့သည်ဟု ပြောနိုင်ပါသည်။

နန်းတော်များကို တည်ဆောက်ကြရာတွင် ရှင်ဘုရင်၏ မိသားစုအသိုင်းအဝိုင်းများနေထိုင်သည့် နန်းတော်ကြီးများတည်ဆောက်သကဲ့သို့ ဗေဒင်ကိန်းခန်းဓလေ့ယုံကြည်မှုအရ တည်ဆောက်သော ယာယီနန်းတော်၊ ခတ်နန်းတော်စသည်တို့လည်းရှိသည်။ အချို့ရှင်ဘုရင်များက မြို့ရိုးအတွင်း၌ တည်ဆောက်ထားသော နန်းတော်ကြီးအပြင် အခြားနှစ်သက်ရာနေရာတို့တွင် တည်ဆောက်သော နန်းတော်များလည်းရှိသည်။ ညောင်ရမ်းခေတ် ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်သည် အင်းဝမြို့တွင်း၌ အဓိကကျသော နန်းတော်ကြီး၌ စိုးစံခဲ့သော်လည်း အင်းဝမြို့အရှေ့ဘက် ဝမ်းဘဲအင်းအရပ်၌ နန်းတော်ဆောက်၍ စိုးစံခဲ့သည်လည်းရှိသည်။ ညောင်ရမ်းခေတ် တနင်္ဂနွေမင်း၊ ဟံသာဝတီပါမင်းတို့သည်လည်း အင်းဝမြို့တွင်း၌စိုးစံသော နန်းတော်ကြီးရှိသော်လည်း အင်းဝမြို့အနောက်ဘက်ရှိ လယ်ကြီးအရပ်တွင် နန်းတော်တစ်ခုသီးသန့်တည်ဆောက်ကာ စိုးစံခဲ့သည်လည်းရှိသည်။ ဗေဒင်ကိန်းခန်းအရ တည်ဆောက်သောနန်းတော်ကို ဥပမာပြရလျှင် ညောင်ရမ်းခေတ်ဟံသာဝတီပါမင်းကို စစ်တောင်းသို့ ရောက်ကိန်းရှိသည်ဟု ပညာရှိတို့က လျှောက်တင်သောကြောင့် စစ်တောင်းနှင့်နံတူ ဆင်တဲအရပ်၌ ဗေဒင်ကိန်းခန်းအရ နန်းတော်ဆောက်၍ စိုးစံခဲ့ပါသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းသည်လည်း အမရပူရမြို့အတွင်း၌ စိုးစံသည့်နန်းတော်ရှိသော်လည်း မင်းကုန်းအရပ်တွင် နန်းတော်တစ်ခု ဆောက်ခဲ့သည်။

**ရေနန်းတော်**

ရှေးမြန်မာမင်းတို့ တည်ဆောက်စိုးစံခဲ့သော နန်းတော်၊ ယာယီနန်းတော်၊ ခတ်နန်းတော်များအပြင် ထူးထူးခြားခြား နန်းတော်တစ်ခုရှိပါသေးသည်။ ထိုနန်းတော်မှာ ရေနန်းတော်ဖြစ်သည်။ ရေနန်းတော်တည်ဆောက် စိုးစံခဲ့သည့်အကြောင်းကို သိသူနည်းပြီး အချို့က ရှိမှန်းပင်မသိခဲ့ကြပေ။ ထိုသို့မသိခဲ့ကြခြင်းမှာ ရာဇဝင်ကျမ်းအစောင်စောင်တို့တွင်လည်း ရေနန်းတော်အကြောင်းကို ထည့်သွင်းဖော်ပြမှု နည်းပါးခဲ့ခြင်းကြောင့်ဖြစ်သည်။ သေသေချာချာ စေ့စေ့စပ်စပ်ရှာမှသာ ရာဇဝင်ကြီးများ၌ ရေနန်းတော်ဟူသောအသုံးကို အနည်းငယ်သာတွေ့ရပေမည်။ အဓိကဖြစ်သည့် နန်းတော်ကြီးအကြောင်းသာ အလေးပေးရေးသားကြသဖြင့် ရေနန်းတော်ကို သိသူနည်းခဲ့ကြခြင်းဖြစ်သည်။

**ရေနန်းတော်အစ**

ရေနန်းတော်များကို မည်သည့်ခေတ်ကတည်းက တည်ဆောက်စိုးစံခဲ့ကြသည်ကို လေ့လာကြည့်ရာ အစောပိုင်းကာလများဖြစ်သည့် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်တို့တွင် ရေနန်းတော်တည်ဆောက်စိုးစံသည့်ဓလေ့ကို မတွေ့ရသေးပေ။ ညောင်ရမ်းခေတ်ကာလ နန်းမှုနန်းရာများကို မှတ်တမ်းတင်ထားသော အင်ရုံဝန်ကြီး သီရိဥဇနာပြုစုသည့် လောကဗျူဟာကျမ်းခေါ် အင်ရုံစာတမ်းတွင်လည်း ရေနန်းတော်အကြောင်းကို မတွေ့ရပေ။ အင်ရုံစာတမ်းတွင် ဖော်ပြထားသော တန်ခူးလ၊ ကဆုန်လပွဲတော်များအကြောင်းကို ကြည့်ရာတွင် ရေနန်းတော်အကြောင်းကို မတွေ့ရပေ။ တန်ခူး၊ ကဆုန်လတွင် ဧရာဝတီမြစ်အတွင်း ရေတော်ခပ်သည့်အစီအရင်ကိုဖော်ပြရာတွင် မာရ်အောင်တံခါးဆိပ်၊ မာရ်အောင်တံခါးပြင်လှော်ကားတော်ဆိုက်ရပ်ဆိပ်စသည်ဖြင့် သုံးနှုန်းထားသဖြင့် ညောင်ရမ်းခေတ်တွင် ရေနန်းတော်တည်ဆောက်စိုးစံသည့်ဓလေ့မရှိသေးဟု ယူဆမိပါသည်။ ရေနန်းတော်သာရှိလျှင် တန်ခူးလပွဲတော်၊ ကဆုန်လပွဲတော်အတွက် ရေခပ်သွားအစီအရင်ကို ရေနန်းတော်တွင် ကျင်းပဖွယ်ရာ ရှိသည်။

ရေနန်းတော် တည်ဆောက်သည့်ဓလေ့ကို ကုန်းဘောင်ခေတ်ဦး အလောင်းမင်းတရားကြီးနှင့် သားတော် နောင်တော်ကြီးဒီပဲယင်းမင်းလက်ထက်တွင်လည်း မတွေ့ရသေးပေ။ ရေနန်းတော်အကြောင်းကို အစောဆုံးတွေ့ရသည်မှာ အလောင်းမင်းတရားကြီး၏သားတော် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်၌ဖြစ်သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝမြို့မှ ရန်ကုန်မြို့သို့ စုန်ဆင်းကာ ရွှေတိဂုံစေတီတော်ကို သွားရောက်ပြုပြင် ထီးတော်တင်ပြီး အင်းဝနေပြည်တော်သို့ ပြန်လာခဲ့သည်။ အင်းဝသို့ပြန်ရောက်သည့်အခါတွင် အင်းဝရွှေနန်းတော်အတွင်းသို့မဝင်ဘဲ အင်းဝမြို့အပြင်ဘက် ဧရာဝတီမြစ်ဘေးရှိ ရေနန်းတော်၌သာ စံတော်မူကြောင်းကို "သက္ကရာဇ် ၁၁၃၇ တစ်ထောင့်တစ်ရာသုံးဆယ်ခုနစ်ခု၊ ဝါခေါင်လဆန်း ငါးရက်နေ့ နေပြည်တော်သို့ရောက်တော်မူလျှင် ရွှေနန်းတော်သို့မဝင်၊ ရွှေမြို့တော်မြောက်မာန်အောင်တံခါးပြင် ရေနန်းတော်မှာ စံတော်မူသည်"ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသည်။ ဤမှတ်တမ်းသည် ရေနန်းတော်ဟူသောအသုံးကို အစောဆုံးတွေ့ရသည့် မှတ်တမ်းဖြစ်သည်။ ထို့ကြောင့် ရေနန်းတော်ကို အစောဆုံးတည်ဆောက်စိုးစံခဲ့သောမင်းမှာ ဆင်ဖြူရှင်မြေဒူးမင်းဟု ဆိုနိုင်သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် ရွှေဘိုမြို့မှ အင်းဝမြို့ ပြောင်းရွှေ့ကာ အင်းဝမြို့ကို တတိယအကြိမ်မြောက် တည်ထောင်ခဲ့သောမင်းဖြစ်သည်။ အင်းဝမြို့ကို တည်သောအခါတွင် ယခင်မင်းများလက်ထက် တည်ဆောက်လေ့မရှိသော ရေနန်းတော်ကို တည်ဆောက်ကာ ပထမဆုံးစိုးစံခဲ့ခြင်းဖြစ်ဟန်ရှိသည်။ စတင်ဆောက်လုပ်သည့် ရေနန်းတော်သည်လည်း အင်းဝမြို့၌ဖြစ်သည်။ သို့ဖြစ်သောကြောင့် ရေနန်းတော်ကို အစောဆုံးတည်ဆောက်ခဲ့သောမင်းမှာ ဆင်ဖြူရှင်မြေဒူးမင်းဖြစ်ပြီး ရေနန်းတော် အစောဆုံးတည်ဆောက်သည့်နေရာမှာ အင်းဝမြို့ဟု ဆိုနိုင်သည်။ ရေနန်းတော်တည်ဆောက်သူအစ ဆင်ဖြူရှင်မြေဒူးမင်းက၊ ရေနန်းတော်အစ အင်းဝကဟု အလွယ်မှတ်သားနိုင်ပါသည်။

**ရေနန်းတော်ဟူသောအမည်**

ရေနန်းတော်ဟူသောအမည်သည် ထီးသုံး၊ နန်းသုံးအမည်တစ်ခုဖြစ်သည်။ ရေနန်းတော်ကို အခြားအမည်တစ်မျိုးမျိုးဖြင့် ဘယ်သောအခါမှ ခေါ်ဝေါ်သုံးစွဲခဲ့သည်ကို မတွေ့ရပေ။ အချို့သုတေသနပညာရှင်များက ရေနန်းဆောင်၊ ရေနန်းဗိမာန်စသည်ဖြင့်ခေါ်ကြောင်း မိန့်ဆိုကြသည်။ ထိုမိန့်ဆိုချက်များသည် ရာဇဝင်ကြီးများ၊ ရှေးမှတ်တမ်းများနှင့်မညီသော မိန့်ဆိုချက်များသာဖြစ်သည်။ ရေနန်းတော်ကို ရေနန်းဆောင်ဟု သုံးနှုန်းသည်မှာ များစွာမသင့်လျော်သောအသုံးမျိုးဖြစ်သည်။ အဆောင်ဟူသောအသုံးအနှုန်းသည် နန်းတော်ဟူသောအသုံးအနှုန်းထက် များစွာနိမ့်သည်။ အဆောင်သည် နန်းတော်အတွင်း၌ရှိသော အဆောက်အအုံငယ်သာဖြစ်သည်။

မန္တလေးမြို့ရှိ မင်းတုန်းမင်းတရားကြီး တည်ခဲ့သော နန်းတော်ကြီးကို မြနန်းစံကျော် ရွှေနန်းတော်ဟူ၍ ခေါ်သည်။ ရွှေနန်းဆောင်ဟူ၍ မခေါ်ပါ။ ထိုနန်းတော်အတွင်းရှိ အဆောင်များကိုသာ ရွှေနန်းဆောင်၊ တောင်ထားဝယ်ဆောင်၊ မြောက်ထားဝယ်ဆောင်စသည်ဖြင့် ခေါ်သည်။ နန်းတော်ကြီးတစ်ခုလုံးကိုခေါ်ရာတွင် ရွှေနန်းတော်ဟူ၍သာခေါ်ရမည်ဖြစ်ပြီး ရေနန်းတော်အတွင်းရှိ အဆောက်အအုံများကိုသာ ရေနန်းဆောင်၊ အဆောင်တော်စသည်ဖြင့် ခေါ်ရမည်ဖြစ်သည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးကိုကြည့်ရာတွင် ရေနန်းတော်ဟုသောအမည်ကိုသာ အကြိမ်ကြိမ်ခေါ်ဝေါ်ရေးသားထားသည်။ တစ်နေရာတွင်သာ ရေနန်းဟူ၍ ရေးသားထားသည်။ မင်းတုန်းမင်းကြီးကို ၁၂၁၇ ခုနှစ်တွင် ဝန်ထောက်စို့ ၄၀ ဒိုင်းဝန် မဟာမင်းလှသီဟသူ ရေးသားဆက်သွင်းသည့် ရွှေမြို့တော်၊ ရွှေနန်းတော်စနစ်ပုံစံပုရပိုက်တွင်လည်း ရေနန်းတော်ဟူ၍သာ တိတိကျကျ ထင်ထင်ရှားရှား သုံးထားပါသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးသည် ထီးသုံး၊ နန်းသုံး ရာဇဝင်ကျမ်းကြီးဖြစ်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးဟု ယခုအခါ ခေါ်ဝေါ်နေကြသော်လည်း အမှန်က ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သည်ထိ အကြောင်းများသည် မှန်နန်းမဟာရာဇဝင်တော်ကြီးသာဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို စုစည်းပြုစုသူ ဦးမောင်မောင်တင်(K.S.M.A.T.M) က သူ၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်း ထည့်သွင်းခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၌ပါရှိသော အလောင်းမင်းတရားကြီး၊ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်မြေဒူးမင်း၊ စဉ့်ကူးမင်းအကြောင်းအရာများသည် မှန်နန်းမဟာရာဇဝင်တော်ကြီးသာဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးကိုပြုစုခဲ့သူတို့မှာ လောကီရေးရာ၊ လောကုတ်ရေးရာ၊ ရာဇဝင်ရေးရာတို့ကို ကျွမ်းကျင်သော ပညာရှိ ၁၃ ဦးဖြစ်သည်။ ထို ၁၃ ဦးသည် ရေနန်းတော်ဟူ၍သာ တညီတညွတ်တည်း ရေးသားခဲ့သူများဖြစ်သည်။ ထိုပညာရှိ ၁၃ ဦးသည် ၎င်းတို့သိမီခဲ့သော ရေနန်းတော်ကို မှား၍ရေးစရာ အကြောင်းမရှိပေ။ ဘကြီးတော်စစ်ကိုင်းမင်း လက်ထက် ရေနန်းတော်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ကြရသူများဖြစ်သည်။

ထို့အတူ ဝန်ထောက်စို့ ၄၀ ဒိုင်းဝန် မဟာမင်းလှသီဟသူ ဆက်သွင်းသော ပုရပိုက်သည်လည်း မင်းတုန်းမင်းထံ ဆက်သွင်းခဲ့သောပုရပိုက်ဖြစ်သည်။ ရှင်ဘုရင်ကို ဆက်သွင်းရသော ပုရပိုက်ဖြစ်သဖြင့် အမှားအယွင်းမရှိသောပုရပိုက်ဖြစ်သည်။ ထိုပုရပိုက်တွင်လည်း ရေနန်းတော်ဟူ၍သာပါသည်။ သို့ဖြစ်သောကြောင့် ရှေးနန်းသုံးစာပေကျမ်းဂန်များနှင့် အညီ ရေနန်းတော်ဟူ၍သာ အမှန်အတိုင်းခေါ်ဝေါ်ရမည်ဖြစ်ပေသည်။

❖ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝမြို့မှရန်ကုန်မြို့သို့ စုန်ဆင်းကာ ရွှေတိဂုံစေတီတော်ကို သွားရောက်ပြုပြင်ထီးတော်တင်ပြီး အင်းဝနေပြည်တော်သို့ ပြန်လာခဲ့သည်။ အင်းဝသို့ ပြန်ရောက်သည့်အခါတွင် အင်းဝရွှေနန်းတော်အတွင်းသို့မဝင်ဘဲ အင်းဝမြို့အပြင်ဘက် ဧရာဝတီမြစ်ဘေးရှိ ရေနန်းတော်၌သာ စံတော်မူကြောင်းကို "သက္ကရာဇ် ၁၁၃၇ တစ်ထောင့်တစ်ရာသုံးဆယ်ခုနစ်ခု၊ ဝါခေါင်လဆန်းငါးရက်နေ့ နေပြည်တော်သို့ရောက်တော်မူလျှင် ရွှေနန်းတော်သို့မဝင်၊ ရွှေမြို့တော်မြောက်မာန်အောင်တံခါးပြင် ရေနန်းတော်မှာ စံတော်မူသည်"ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသည်။ ❖

# CANAL+ ZAT LENN ရုပ်သံလိုင်းတွင် ဘိုးတော်ကင်း မြန်မာရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်မည်




**ရန်ကုန် မေ ၃၀**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဘိုးတော်ကင်း မြန်မာရုပ်ရှင်ဇာတ်ကားကို မေ ၄ ရက်တွင် မြန်မာရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ကျော်မြသန်း၏ ဘိုးတော်ကင်းဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားထားကာ BoBo Film Production အတွက် ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) က ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားတွင် ဒါရိုက်တာများအဖြစ် ကိုဇော်(အရဏ်ဦး)နှင့်အတူ အိသုန္ဒာအောင်၊ သားကျော် တို့က လက်ထောက် ဒါရိုက်တာများအဖြစ် ဆောင်ရွက်ထားကြောင်း သိရသည်။

"တကယ်ဖြစ်ရပ်ကို အခြေခံထားတဲ့ စာရေးဆရာ ကျော်မြသန်းရဲ့ နာမည်ကျော် ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့အတွက် သရုပ်ဆောင်ပိုင်း၊ ဇာတ်ညွှန်းပိုင်း၊ မီးအလင်းအမှောင်ကအစ ဂရုတစိုက်နဲ့ ရိုက်ကူးထားပါတယ်။ လူ့ကျင့်ဝတ်နဲ့မညီတဲ့ လုပ်ရပ်တွေနဲ့ ကမ်းကုန်အောင်မိုက်ခဲ့တဲ့ ဘိုးတော်ရဲ့ ဖြစ်ရပ်မှန်ဘဝတွေကို ရိုက်ကူးတင်ဆက်ထားတာ ဖြစ်ပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN က လွှင့်ပေးမှာပါ"ဟု ဒါရိုက်တာကိုဇော်(အရဏ်ဦး)က ပြောပြသည်။

BoBo Film Production မှ စီစဉ်ရိုက်ကူးထုတ်လုပ်သည့် ဘိုးတော်ကင်း မြန်မာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် မြင့်မြတ်၊ စည်သူဝင်း၊ အိချောပို၊ ခြူးလေး၊ ထက်ထက်ထွန်း၊ လှနုထွန်း၊ ဥသြသံသာ၊ သံစဉ်ဆည်းဆာနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Reminders of Him ဇာတ်ကား၌ မင်းသား ဘရက်ဒလေဝစ်ဖို့ ပါဝင်လာ

**နယူးယောက် မေ ၃၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Reminders of Him အမည်ရှိ ဒရာမာရုပ်ရှင်ဇာတ်ကား၌ မင်းသား ဘရက်ဒလေဝစ်ဖို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၉ ရက်သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဘရက်ဒလေဝစ်ဖို့သည် မင်းသမီး မိုင်ကာမွန်ရိုး၊ မင်းသား တီရစ်ဝစ်သာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Reminders of Him ဇာတ်ကားသည် အမေရိကန်အမျိုးသမီး စာရေးဆရာမ ကောလင်းဟိုးဗား၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည်ထောင်ငါးနှစ်ကျရာမှ ပြန်လည်လွတ်မြောက်လာသော အမျိုးသမီးတစ်ဦး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်ရန် ရုန်းကန်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဗေးနက်ဆာကတ်ဝဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ကောလင်းဟိုးဗားနှင့် ဇာတ်ညွှန်းရေးဆရာမ လော်ရန်လီဗင်းတို့က ဇာတ်ညွှန်းရေးထားကြောင်း သိရသည်။

Reminder of Him ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသသည့်ရက်တို့ကို ယူနီဗာဆယ်က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# အထက်တန်းစား မြန်မာရုပ်ရှင်ဇာတ်ကားကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် မေ ၃၀**

Lucky Smile ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် အထက်တန်းစား မြန်မာရုပ်ရှင်ဇာတ်ကားကို Channel K Myanmar YouTube Channel မှ မေလတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ နေပိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အထက်တန်းစား ရုပ်ရှင်ဇာတ်ကားသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဩဂုတ်လက နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင်ရုံတင်ပြသထားပြီးဖြစ်ကာ ပရိသတ်များ အွန်လိုင်းမှ ကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar YouTube Channel မှ မေလတွင် ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ငယ်စဉ်ဘဝက တစ်ရွာလုံးရဲ့ အပယ်ခံဖြစ်ခဲ့တဲ့ အောင်စည်တစ်ယောက် မွေးစားမိခင်ထံက လူချစ်၊ နတ်ချစ်စေတဲ့ အစီအမံတွေရအောင် သင်ယူခဲ့ပြီးတဲ့နောက်ပိုင်း ၃၇ မင်းနတ်များနဲ့ အဆက်သွယ်ရလာပြီးအတိုက်ခံပြုသူကို စိတ်ထားဖြူစင်စွာထားပြီး ကိုယ်ကျင့်တရားကောင်းစွာ နေထိုင်ခြင်းနဲ့ အထက်တန်းစားဆိုတာ ဘာလဲဆိုတာ ဒီဇာတ်ကားမှာ ကြည့်ရှုရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ နေပိုင်က ပြောပြသည်။




အဆိုပါ အထက်တန်းစား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရွှန်းရမီမိုးက ရေးဖွဲ့ထားကာ မိုးနီလွင်က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး Lucky Smile ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေပိုင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ သရုပ်ဆောင်များအဖြစ် နေတိုး၊ ညီထွဋ်ခေါင်၊ သူရိယ၊ ကောင်းဆက်ထူး၊ ဝေယံကျော်၊ ဇော်ဝင်းနိုင် (မန်း)၊ ဦးပေါ်လေး၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ ပိုးအိအိခန့်၊ ငွမ်းပုံကြီး၊ အေးအေးခိုင်၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Winter Games ဇာတ်ကား၌ မင်းသား မိုင်းတယ်လာ ပါဝင်မည်

**နယူးယောက် မေ ၃၀**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Winter Games အမည်ရှိ ဇာတ်ကား၌ မင်းသား မိုင်းတယ်လာ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

Winter Games ဇာတ်ကားသည် အိုလံပစ်အားကစားပွဲတော်ပြိုင်ပွဲတစ်ပွဲကို နောက်ခံပြုရိုက်ကူးမည့် အားကစားလောက နောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပေါက်ဒေါင်းကော်လင်ဖိုကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ပက်ကန်နာနီက ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားကြောင်း သိရသည်။

မင်းသား မိုင်းတယ်လာသည် Paramount of Top Gun: Maverick၌ မင်းသား တွမ်ခရုနှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့ပြီး An Officer and a Gentleman အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားသည်။

Winter Games ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် စည်သူလွင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်

**ရန်ကုန် မေ ၃၀**

တေးသံရှင် စည်သူလွင်၏ အမြဲတမ်းပဲမင်း Live Show တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မေ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်စည်သူလွင်က ပြောပြ၍ သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ လာမည့် မေ ၃ ရက်တွင် အမြဲတမ်းပဲမင်း အမည်ဖြင့် Live Show ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် စည်သူလွင်၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Judson Band တေးဂီတအဖွဲ့ကအကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပရိသတ်နဲ့ ရင်ဘတ်ချင်းတူနေမဲ့ ထပ်တူကျနေမဲ့ သီချင်းတွေကို ရွေးပြီးတော့ သီဆိုသွားမှာမို့ အမြဲတမ်းပဲမင်း ဖြစ်နေမဲ့ ဂီတချစ်သူတွေ လှမ်းခဲ့ကြဖို့ ဖိတ်ခေါ်ပါရစေ"ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။

တေးသံရှင် စည်သူလွင်၏ အမြဲတမ်းပဲမင်း တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် မေ ၃ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the International Workers' Day (1 May 2025)

**Esteemed workers,**

International Workers' Day is a historically significant day that emerged from workers themselves demanding their rights, and it is a historic day that is valuable for workers.

International Workers' Day is celebrated in countries around the world annually on 1 May. In Myanmar as well, celebrations began on 1 May 1938. This day is observed each year to honour workers, who are a vital and essential force in the nation's economic development. As of 1 May 2025, it will mark the 87th celebration of this occasion.

On this occasion of Workers' Day, I extend my heartfelt greetings and best wishes for good health, peace of mind, and all-round prosperity to all the people, including the esteemed workers who are contributing their physical and intellectual strength with auspiciousness —with perseverance, diligence, effort, and goodwill—to the development of the nation and the betterment of socio-economic life.

The government is working to promote the State economy and improve the socio-economic well-being of the people by enhancing agriculture- and livestock-based production industries, and by supporting and promoting Micro-, Small-, and Medium-sized Enterprises (MSMEs) based on locally available natural materials in different regions. At the same time, efforts are being made to develop other economic sectors. On this occasion, I would first like to respectfully honour and recognize the hardworking labourers who are contributing to the national development.

**Esteemed workers,**

The government is promoting MSME (Micro-, Small-, and Medium-sized Enterprises) in order to increase domestic employment opportunities, reduce the unemployment rate, enhance domestic production, substitute imported goods, and enable the export of surplus local products.

The government, employers, and workers are continuing to collaborate to enhance the socio-economic life of labour forces that play a vital role in national development, as well as to promote the development of human resources. Efforts are ongoing to upgrade vocational training schools to improve workforce skills, extend more number of training schools, to open more training programmes that provide greater employment opportunities, and to produce skilled workers who can compete not only locally but also internationally.

**Esteemed workers,**

To strengthen the role of workers in tripartite collaboration among the government, employers, and employees, the 2011 Labour Organization Law grants freedom to establish employer and worker organizations. As a result, 3,116 labour organizations and 28 employer organizations have been formed. These organizations contribute not only to increased production and national economic development but also to the protection and promotion of workers' rights.

Inspections and regulatory measures are being taken at factories, workplaces, and departments to ensure that workers receive the entitlements granted under labour laws, and to promote occupational safety and health. Furthermore, to enhance workplace safety and health standards, the Social Security Board under the Ministry of Labour has established a national-level Social Security Board. In collaboration with both local and international organizations, Myanmar has been participating as a member of the ASEAN Occupational Safety and Health Network (ASEAN–OSHNET) since the year 2000.

**Esteemed workers,**

Since Myanmar is a member state of the International Labour Organization (ILO), it has been implementing and adhering to the conventions and recommendations prescribed by the ILO in accordance with the country's existing laws. Likewise, Myanmar has been cooperating with the ILO in addressing complaints related to forced labour issues.

In accordance with ILO Convention No 182 on the Worst Forms of Child Labour, Myanmar is taking protective and preventive measures, as well as awareness-raising activities, to eliminate the worst forms of child labour. These efforts are being carried out under the National Plan of Action for the Elimination of Child Labour, in line with existing laws.

The relationship between employers and workers should be good, ensuring a peaceful work environment and resolving conflicts in a fair and just manner. This will allow workers to quickly and fairly enjoy their rights. Therefore, the establishment of 2,982 Workers' Coordination Committees, 325 Township Coordination and Mediation Groups, 15 Conciliation Teams, and one Conciliation Council plays a significant role in facilitating resolution. By providing awareness programmes at factories and workplaces, not only can the relationship in the workplace be improved, but it will also contribute to increased productivity.

The social security plan is being implemented to ensure the social and health security of workers who are the main productive force of the country. Under this plan, insured workers from a total of 126 townships are entitled to medical treatment and financial benefits. Moreover, during the COVID-19 pandemic, insured workers were provided with social security benefits amounting to K71,855.549 million (K71.856 billion). Furthermore, a total of 3,394 insured workers who were affected by the flooding due to Typhoon Yagi received assistance amounting to K266.297 million. For those insured workers affected by the severe 7.7 Richter-scale Mandalay earthquake on 28 March 2025, financial assistance for family support related to natural disaster risk is being planned, with an estimated amount of K21,703.104 million (K21.703 billion).

**Esteemed workers,**

Due to the shortage of workers in the country caused by the migration of workers abroad, it is necessary to focus on creating job opportunities within the country where there is a safer and more secure living environment, rather than encouraging more migration. Therefore, job fairs are being organized in some regions and states, where employers collaborate to provide a one-stop service for job placements. The Labour Exchange Management System has been developed to offer effective employment services and is available on the website. In sending Myanmar workers abroad, priority is given to countries with good wages and benefits. By comparing the number of workers who return after completing their contracted period with the number to be sent, efforts are made to create employment opportunities both domestically and abroad.

In order to ensure that Myanmar workers have access to overseas employment opportunities, to protect workers' rights and prevent the loss of these rights, to systematically apply the experiences, knowledge, and skills gained from abroad for domestic use, and to contribute to the country's development through remittances sent by Myanmar migrant workers to their families via official channels, workers are being sent abroad in accordance with the law. To safeguard Myanmar workers abroad, labour attachés have been appointed in Japan, the Republic of Korea, Malaysia, and Thailand, while in countries without labour attachés, the relevant Myanmar embassies and consulate-general provide protection and support.

In conclusion, the government is implementing the Five-Point Roadmap and nine objectives set to foster the economic development of the country and improve the socioeconomic lives of its citizens. The role of workers is substantial in enhancing manufacturing sector through efficient utilizing internal resources and initiating the country to become an exporter transformed from the importer. The performance of the workforce is critical in achieving this goal. As such, I urge the workers to collaborate with the government to the best of their abilities, to serve the interests of the nation and the people in honour of International Workers' Day.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Patron of Myanmar War Veterans Organization Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses MWVO special conference (2025)



Senior General Min Aung Hlaing addresses the MWVO special conference (2025).

**Nay Pyi Taw April 30**

Myanmar War Veterans Organization held its special conference (2025) this morning at the MWVO headquarters in Dekkhinathiri Township, Nay Pyi Taw Council Area, addressed by Patron of MWVO Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, union level dignitaries, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, senior military officers from Office of Commander-in-Chief, Chair of the Central Executive Committee of MWVO Lt-Gen Khin Aung Myint (Retired) and members, the Nay Pyi Taw Command commander, chairs of war veterans supervisory committees and representatives to the conference and invited guests. Officials of the region/state war veterans supervisory committees took part in the meeting through video conferencing.

In his address, the Senior General said the aim of the conference is to elect and approve the members of MWVO Central Council, region\state supervisory committees and township executive committee members, which fell vacant for various reasons, and to issue necessary directives.

As the MWVO is the reserve force of the Tatmadaw, it is an organization systematically set up under the law, regulations, and directives. The Senior General lauded the war veterans for their dutiful service in the Tatmadaw and for actively serving the interest of the nation and people whenever needed in accord with the saying “Once a Soldier, always a Soldier.”

He said beginning from the time the country regained independence in 1948, war veterans were supporting each other in their own way town or village wise, setting up local war veterans’ bodies and actively taking part in regional development and security undertakings with altruistic desire. Those bodies were reorganized in 1973 and set up Myanmar War Veterans Central Organizing Committee and township organizing committees. Adoption of the rules of structuring and basic principles began in 1975, and the war veterans organization at all levels were established in accord with the law after issuing legal procedures in 1989.

As per the changing State Constitution in 2016, the MWV Central Organizing Committee was abolished with Order No. 36/2016 of the President’s Office on 29-3-2016, and turned into an independent associate of the Tatmadaw, with 12 patrons of the 34-member central executive committee and 76 members of the central council.

The MWVO is formed with the central HQ office, 21 region/state war veterans organizations and 308 township war veterans organizations and is carrying out its activities in the whole country. It adopted the four goals and seven-point roadmap and is taking part in nation-building, regional security and protecting the people’s interest with might and main as the Tatmadaw’s reserve force.

Tatmadaw, as a military institution born of the people, must maintain a close connection with them. The MWVO, comprised of former military personnel, engages regularly with the public and is therefore expected to serve as a vital bridge between Tatmadaw and the public. In doing so, it is essential to exercise caution in speech and conduct to avoid violating Our Three Main National Causes, which represent national responsibilities. It is also important to remember that the actions and words of members directly affect the image of Tatmadaw.

To help the public understand the true stance of Tatmadaw towards the state and its citizens, it is important not to rely solely on Tatmadaw. Instead, the organizing capabilities of veterans' groups should be effectively utilized as a driving force. To successfully implement the 'People’s War Strategy' outlined by the state, it is essential to continue fostering strong unity between the military and the people.

The government is working to ensure that a free and fair multi-party democracy general election is held in December. The attacks by both domestic and foreign destructive forces during the country's recovery period following the COVID-19 pandemic, as well as the devastating impacts of Typhoon Yagi, recent floods, and the recent Mandalay Earthquake, have resulted in significant losses to the nation. By working together, we can overcome the challenges and crises as swiftly as possible.



Senior General Min Aung Hlaing greets war veterans attending the MWVO special conference (2025).

The prosperity and food security of the country are vital to the state and have been implemented as two national goals. If the country is stable and peaceful, and the people can work, eat, and live in peace, socio-economic development will inevitably follow. He stated that he would like to urge veterans to continue to keep their eyes and ears open for the national interests, in addition to their individual responsibilities.

As veterans, one must continue to uphold the good traditions of Tatmadaw and maintain the good reputation of the veterans' organization. Stand strong and cooperate as a backup force for Tatmadaw in national defense, security, and public welfare activities, with Our Three Main National Causes at the forefront. He stated that he would like to urge the implementation of the seven-point roadmap and five major tasks as a good soldier and to strive to be a strong bridge between the people and the military.

Then, the Senior General warmly greeted the veterans attending the ceremony.

Following this, the Senior General took a group photo with the CEC members of the MWVO who were present at ceremony.

100

# DPRK's new-generation destroyer conducts first weapon systems test

**Pyongyang April 30**

The Democratic People's Republic of Korea (DPRK)'s 5000-ton new-generation destroyer "Choe Hyon" conducted its first weapon systems test this week, with its top leader supervising the event, state media said Wednesday.

The official Korean Central News Agency (KCNA) reported that a test-fire of supersonic cruise missiles, strategic cruise missiles, anti-aircraft missiles and 127-millimeter ship-based automatic guns took place on Monday.


Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, stressed the importance of establishing "a pro-active and offensive defensive system on the premise of powerful attack capability."

Tuesday saw the test-fire of ship-to-ship tactical guided weapons as well as various kinds of ship-based automatic guns, smoke systems and electronic jamming guns, according to the KCNA report.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက Hypersonic အင်ဂျင်ကို မြေပြင်စမ်းသပ်မှုတစ်ရပ် လုပ်ဆောင်နိုင်ခဲ့



အိန္ဒိယနိုင်ငံကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဓာတ်ခွဲခန်း (DRDL)သည် Hypersonic အင်ဂျင် (Scramjet Engine Combustor)၏ အချိန်ကြာမြင့်စွာ လောင်ကျွမ်းခြင်းနှင့်ပတ်သက်၍ မြေပြင်စမ်းသပ်မှုတစ်ရပ်ကိုမကြာသေးမီက ပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာန ဧပြီ ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

Scramjet အင်ဂျင်သည် Mach 5 သို့မဟုတ် တစ်နာရီလျှင် ၆၁၇၄ ကီလိုမီတာ/၃၈၃၆ မိုင် အမြန်နှုန်းဖြင့် အသံထက်မြန်သောဟိုက်ပါဆောနစ် လက်နက်များကို တွန်းအားပေးမောင်းနှင်နိုင်သည်။ ၁၆မိနစ်ကျော်ကြာစမ်းသပ်မှုသည် ယခင်ဇန်နဝါရီလက ပြုလုပ်ခဲ့သည့် စက္ကန့် ၁၂၀ကြာသည့် စမ်းသပ်မှုတစ်ရပ်ကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း Hyderabad မြို့ရှိအသစ်တည်ဆောက်ထားသော Scramjet Connect Test Facility အဆောက်အအုံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစမ်းသပ်မှုသည် ဒုံးကျည်ပျံသန်းမှုလမ်းကြောင်းတစ်လျှောက်လုံးအတွက် အင်ဂျင်လောင်ကျွမ်းမှုအဆင်သင့်ဖြစ်မှုကို စမ်းသပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Scramjet အင်ဂျင်သည် မြန်နှုန်းမြင့်မားပြီး ဆီစားသက်သာသည့် Ramjet အင်ဂျင်ကို အဆင့်မြှင့်တင်ထားသောဗားရှင်းဖြစ်သည်။ အသံထက်မြန်သောစူပါဆောနစ် အလျင်နှုန်းဖြင့်လောင်ကျွမ်းခြင်းဖြင့် ပိုမိုကြီးမားသောစွမ်းဆောင်ရည်ကိုရရှိနိုင်သည်။

လောင်ကျွမ်းခြင်းမပြုမီ လေစီးဆင်းမှုနှေးကွေးပြီး အသံထက်နှေးသော အလျင်နှုန်းဖြင့်သာ လုပ်ဆောင်နိုင်သည့် Ramjet အင်ဂျင်နှင့် မတူညီပေ။ အဆိုပါစွမ်းဆောင်ရည်ကိုရရှိရန် တီထွင်ထုတ်လုပ်သူများသည် မီးတောက်များ တည်ငြိမ်စွာလောင်ကျွမ်းစေခြင်းနည်းစနစ်ကို အသုံးပြု၍ တစ်စက္ကန့်လျှင် တစ်မိုင်ခန့် သို့မဟုတ် ၁ ဒသမ ၅ ကီလိုမီတာကျော်လေအလျင်နှုန်းဖြင့် အင်ဂျင်ခန်းအတွင်း၌ မီးတောက်များကို တည်ငြိမ်စွာလောင်ကျွမ်းနိုင်စေမည်ဖြစ် ကြောင်း သိရသည်။

လိုအပ်သည့် အပိုပစ္စည်းများတွင် ပိုမိုကောင်းမွန်သောအအေးခံမှုနှင့် မီးလောင်ကျွမ်းမှုလွယ်ကူစေရန်အတွက် ပြည်တွင်း၌ထုတ်လုပ်ထားသော Endothermic Scramjet လောင်စာနှင့် အလွန်အမင်းအပူဒဏ်ကိုခံနိုင်ရည်ရှိသော အပူဒဏ်ခံသုတ်ဆေးများပါဝင်သည်။ ဤစမ်းသပ်မှုသည် Scramjet Engine Combustor ၏ ကြာမြင့်စွာလောင်ကျွမ်းနိုင်မှုဒီဇိုင်းနှင့် စမ်းသပ်ရေးအဆောက်အအုံ၌ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုကို ပြသနေခြင်းဖြစ်သည်ဟု အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (DRDO) ပိုင်ဆိုင်ထားသည့် ဓာတ်ခွဲခန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပညာရှင်များစုပေါင်းကာ ပူးပေါင်းကြိုးပမ်းမှု၏ ရလဒ်တစ်ခုဖြစ်ပြီး နိုင်ငံ၏ ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည် တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုအဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**India Nears Hypersonic Engine Flight Test Following Another Ground Trial ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူအေအီးနိုင်ငံက FK-2000 တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို ချက်နိုင်ငံသို့ လွှဲပြောင်းပေးအပ်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီးနိုင်ငံ)သည် တရုတ်နိုင်ငံထုတ် FK-2000 တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို ချက်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လွှဲပြောင်းပေးအပ်မှုတွင် အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ချက်နိုင်ငံအတွက် အာရပ်စော်ဘွားများပြည်ထောင်စု၏ စဉ်ဆက်မပြတ်လုပ်ဆောင်နေသောစစ်ရေးပံ့ပိုးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၎င်းတွင် ဒုံးကျည် ၆၄ စင်းနှင့် မီလီမီတာ ၃၀ လေယာဉ်ပစ်အမြောက်ကျည် အတောင့် ၆၀၀၀ တို့ ပါဝင်သည်။

တရုတ်နိုင်ငံ China Aerospace Science and Industry Corporation ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် FK-2000 တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် အကွာအဝေး ၂၅ကီလိုမီတာ၊ အမြင့် ၁၂ ကီလိုမီတာထိ ရောက်ရှိတိုက်ခိုက်နိုင်သည်။ ၎င်းသည် ခရုဇ်ဒုံးကျည်များ၊ တိကျပဲ့ထိန်းဗုံးများ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်စနစ်များကဲ့သို့သော လေကြောင်းပစ်မှတ်မျိုးစုံကို တိုက်ခိုက်နိုင်စွမ်းရှိသည်။ ထရပ်ကားပေါ်တွင် တပ်ဆင်ထားသော အဆိုပါလေကြောင်းရန် ကာကွယ်ရေးစနစ်တွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ခြောက်စင်းပါသည့် ဒုံးပစ်လောင်ချာယာဉ် နှစ်စီးနှင့်အနီးကပ်လေကြောင်းရန် ကာကွယ်ရေးအတွက် အလိုအလျောက် လေယာဉ်ပစ်အမြောက် နှစ်လက်တို့ပါရှိသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုသည် ၂၀၂၃ ခုနှစ်တွင် ချက်နိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် စစ်လက်နက်မျိုးစုံ ပံ့ပိုးပေးအပ်ခဲ့သည်။ အဆိုပါ ပံ့ပိုးမှုသည် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးချက်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော်လည်း အာရပ်စော်ဘွားများ ပြည်ထောင်စုသည် ချက်အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် ဆူဒန်သူပုန်အဖွဲ့ (RSF) သို့ စစ်လက်နက်ပစ္စည်းများ ပံ့ပိုးပေးအပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။



ဆူဒန်သူပုန်အဖွဲ့တွင် ပြည်သူ့စစ်နှင့် အရန်တပ်ဖွဲ့ဝင်ဟောင်းများ ပါဝင်သည်။ ၎င်းတို့သည် ၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်ကတည်းက ဆူဒန်အစိုးရ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည်။ ဆူဒန်သူပုန်အဖွဲ့ကို ထောက်ခံမှုဖြင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသည် ၂၀၁၉ ခုနှစ်တွင် ဆူဒန်သမ္မတ Omar al-Bashir ဖြုတ်ချခဲ့ပြီးနောက် နိုင်ငံတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အားနည်းစေခဲ့သည်ဟုလည်း စွပ်စွဲခံထားရသည်။

ထိုအတောအတွင်း ချက်နိုင်ငံ အစိုးရအရာရှိများက FK-2000 လက်နက်စနစ်ကို တရုတ်နိုင်ငံ၏ခွင့်ပြုချက်မရှိဘဲ တတိယနိုင်ငံသို့ လွှဲပြောင်းပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ဆူဒန်သူပုန်အဖွဲ့သည် မြို့တော် Khartoum ဆုံးရှုံးခြင်းအပါအဝင် အစိုးရတပ်ဖွဲ့များနှင့်ရင်ဆိုင်တိုက်ပွဲများတွင် ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ရချိန်၌ ယခုကဲ့သို့ လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် လွှဲပြောင်းပေးပို့ခြင်းသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါစနစ်သည် အာရပ်စော်ဘွားများပြည်ထောင်စုမှ ချက်နိုင်ငံထံ တရားဝင်လွှဲပြောင်းပေးပို့မှုတစ်ရပ်ဖြစ်သော်လည်း ချက်နိုင်ငံမှတစ်ဆင့် ဆူဒန်သူပုန်အဖွဲ့ထံသို့ ရောက်ရှိသွားနိုင်ကြောင်းသတင်းများအရ သိရသည်။

ထိုတာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ဆူဒန်သူပုန်အဖွဲ့အတွက် ဆူဒန်အစိုးရတပ်ဖွဲ့များ၏ အထူးသဖြင့် တိုက်ခိုက်ရေးဒရုန်းများကို တစ်ပြိုင်နက်တည်း ကြားဖြတ်ပစ်ချနိုင်စွမ်းရှိစေမည့် လက်နက်စနစ်လည်းဖြစ်ကြောင်း သိရသည်။

**Chad Receives Chinese Mobile Air Defense Systems From UAE ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကလေးခရိုင်တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့်ကေရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၉ ဒသမ ၅၇ တင်း ထွက်ရှိ



**ကလေး မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ရာနှုန်းပြည့်ကေရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၅၆၀၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ကေ ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေ လျှင် ၁၉ ဒသမ ၅၇ တင်း ထွက်ရှိ ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၅၆၀၄ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းတွေ ကိုလဲ အသိပညာပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ် အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှု အနေဖြင့် ကလေးမြို့နယ်တွင် ၆၈၃ ကေ၊ ကလေးဝမြို့နယ်တွင် ၁၉၁၉ ကေနှင့် မင်းကင်းမြို့နယ် တွင် ၃၀၀၂ ကေ စုစုပေါင်း ၅၆၀၄ ကေတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲ ရေးတို့ကို အထွက်နှုန်းကောင်းမွန် ရေးအတွက် အသိပညာပေးခဲ့ ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်း မွန်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှ မက ပို့လျှံမှုကိုရောင်းချနိုင်မည် ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှု စီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မတ်ပဲ ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသ မရွေး ကြိုးပမ်းကြရမည်ဖြစ် ကြောင်း ခရိုင်ဦးစီးမှူးဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးသလဲထိုး ပိဿာချိန်အများ အပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးမျိုးစုံ ရောင်းဝယ် ရေး ပွဲရုံပိုင်ရှင် ဒေါ်ကရင်မက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ လအတွင်း ငါးသလဲထိုးပိဿာ ချိန် ၆၀၀၀၀ သာရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက် ၃၁ ရက်ထိ တစ်လ အတွင်း ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင်ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ဖျာပုံ မြို့နယ်ကနေ ငါးသလဲထိုးတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန် တွေထဲက ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ ရပါတယ်။ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချနေတာပါ။ ငါးသလဲထိုးကို ရန်ကုန်ဈေး ကွက်က ဝယ်ယူမှုအားကောင်း နေပါတယ်။ ရေထွက်ကုန် အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေ အပါအဝင် ငါးအရောင်းအဝယ် လုပ်ကိုင် သူတွေပါ အဆင်ပြေတာပေါ့" ဟု ဖျာပုံမြို့နယ် ငါးမျိုးစုံရောင်းဝယ် ရေး ပွဲရုံပိုင်ရှင် ဒေါ်ကရင်မက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ငါးသလဲထိုး များအပါအဝင် ရေထွက်ကုန်များ တင်ပို့အားကောင်း လာသည့်အတွက် ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ရေလုပ်သား များ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အောင်လံမြို့နယ် ရုံးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ မေ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရုံးဆိပ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ များကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် များနှင့် ရုံးဆိပ်ကျေးရွာ၌ မြစိမ်း ရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ များဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး ရေးလုပ်ငန်း မွေးမြူရေးလုပ် ငန်းများ ဆောင်ရွက်နေမှု အခြေ အနေများ၊ စီမံကိန်းဆိုင်ရာစာရင်း ဇယားများဆောင်ရွက်ထားရှိမှု၊ ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များ၊ အသင်းသူ၊ အသင်းသားများ နှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

အောင်လံမြို့နယ် ရုံးဆိပ် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၁၂ ဦးကို ငွေကျပ် ၁၈ သန်း၊ စုစုပေါင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသူ၊ အသင်းသား ၄၂ ဦးကိုအရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၆၃ သန်း ထုတ်ချေး ပေးထားသည့်အတွက် တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်ဆောင် ရွက်လျက်ရှိကြောင်း အောင်လံ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။ **အိပိုးပိုး**




# မိုင်းရှူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မိုင်းရှူး မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက နားစံကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက နားစံ ကျေးရွာအုပ်စု နမ့်ဖတ်ကျေးရွာ၌ တာဝန်ရှိသူများ ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း က နမ့်ဖတ်ကျေးရွာနှင့် ဆိုင်းလှိုင် ကျေးရွာတို့ရှိ ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေးလုပ်ငန်း များ လုပ်ကိုင်ရန်လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေ ရန်နှင့် တိုးပွားလာသောငွေများ ဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင် ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံ တို့က အတိုးနှုန်းနှင့်ကာလ သတ် မှတ်ချက်များ၊ ချေးငွေထုတ်ချေး ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ၃၉၁ သိန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲ ပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်ဖတ်ကျေးရွာနှင့် ဆိုင်းလှိုင် ကျေးရွာတို့ရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ်၃၉၁ သိန်းကို အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇေယျာမင်းကပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**






မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှတာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

ရှေ့ဖုံးမှအဆက်

ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ (၂၀၂၅)ကိုကျင်းပရသည့် ရည်ရွယ်ချက်မှာ အခြေအနေအကြောင်း အမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး၊ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေးအရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့် နောက်တွင်လည်း "Once a Soldier, always a Soldier" "တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်"ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာတာဝန်ထမ်းဆောင်နေကြသည့်ရဲဘော်တို့အတွက်ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်းအပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံစစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (၁၉၈၉)နှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၆/၂၀၁၆) ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့်ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကိုချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် ပြည်သူကပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့်

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက်သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့်တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်ကြားမည့် ဆရာ၊ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို သတ်မှတ်ထားသော ကျောင်းများ၌ မေ ၂ ရက်တွင်စတင်သင်ကြားပေးရန် စာရင်းပေးထားသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ ၁၀၇၆ ဦးရှိကြောင်း၊ လေဆိပ်၊ ကားဂိတ်တို့တွင် တာဝန်ရှိသူများက ကြိုဆိုနေကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ် ခံစားရသည့်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးခြင်းဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ၏ နေထိုင်၊စားသောက်၊သွားလာရေးအဆင်ပြေစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် ပညာရေးမှူးရုံးအသီးသီးရှိ ဝန်ထမ်းများက ဝိုင်းဝန်းစောင့်ရှောက် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်သင်ကြားပေးခြင်းသည် ပညာဒါနမြောက်သည်ဖြစ်၍ ကျောင်းသား၊ကျောင်းသူများကို သင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာနားလည်သဘောပေါက်နိုင်စေရန် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် စာသင်ကြားပေးသည့်အစီအစဉ်တွင် ပါဝင်ကြမည့် ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဘာသာရပ်ပါမောက္ခများက ဆရာ၊ ဆရာမများကို သင်ပြနည်းများ လေ့ကျင့်ပေးရေးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့်ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရန် နှစ်ခန်းတွဲဘာရှာအဆောက်အအုံများဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်မှုရှိစေရေး၊အရည်အသွေးများပြည့်မီစေရေး၊ အမြန်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အပြောအဆိုအပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏အပြုအမူအပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည်ကို နှလုံးသွင်းထားကြရန်လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် “ပြည်သူ့စစ် မဟာဗျူဟာ”ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများ၊ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့် ရာဂိမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး ဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံးကျော်ဖြတ်ကြမည်ဆိုပါက အခက်အခဲ အကျပ်အတည်းများကြားမှ အမြန်ဆုံးရုန်းထွက်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုစိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှုစီးပွားဘဝများသည် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့်လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန်များအပြင် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် စဉ်ဆက်မပြတ် မျက်စိကိုဖွင့်နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများဖြစ်သည့်အတွက် တပ်မတော်၏အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့်ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး(၅)ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့်ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရပ်စောက်မြို့နှင့် ပင်းတယမြို့ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နှင့် ပင်းတယမြို့ပတ်ဝန်းကျင်ဒေသများအထူးစိမ်းလန်းစိုပြည်စေရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရပ်စောက်မြို့နယ် မြို့မသစ်တောပျိုးဥယျာဉ်၌ စိုက်ခင်းတည်ထောင်ခြင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၅၆၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ဗထူးရိယာယီပျိုးဥယျာဉ်၌ ရပ်စောက်မြို့ ပတ်ဝန်းကျင်အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ဧက ၈၉၀ တည်ထောင်ရန် သစ်မျိုး ၁၃ မျိုးဖြင့် နှစ်ပေအထက် ပျိုးပင် ၁၁၈၀၀၀ ကျော် ရောက်ရှိထားမှုနှင့် ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စိုက်ခင်းတည်ထောင်ရန် မြေကျင်းတူး၊ မြေသြဇာထည့်ကျင်းဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီး မိုးရာသီတွင် သစ်ပင်စတင်စိုက်ပျိုးနိုင်ရန် အသင့်အနေအထားဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ကွက်များအတွင်း သစ်မျိုးအလိုက်စိုက်ပျိုးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရပ်စောက်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ မွေတော်သစ်ဆိပ်သို့ရောက်ရှိပြီး တာဝန်ရှိသူများက သစ်ဆိပ်သို့သစ်လုံးများရောက်ရှိပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ သစ်စက်များသို့ သစ်လုံးများတင်ပို့ပြီးစီးမှုနှင့် ဆက်လက်တင်ပို့မည့်အခြေအနေများ၊ သစ်စက်များမှ သစ်ခွဲသားများကို ငလျင်ဒဏ်သင့် အင်းလေးဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပေးပို့ထားမှုနှင့် ဆက်လက်ပေးပို့မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သစ်စက်များ၌ သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ကုံလုံကျောင်းအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၈၅ ဒသမ ၅ ဧက ကိုလည်းကောင်း၊ကျောက်စုကျေးရွာအနီးရှိအထူးစိမ်းလန်းရေးစိုပြည်ရေး စိုက်ခင်း ၅၈ ဧကကိုလည်းကောင်း၊ သစ်အယ်ပင်ကျေးရွာအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေး ၆ ဒသမ ၅ ဧကကိုလည်းကောင်း၊ ပင်းတယမြို့နယ် ဝါးတရာကျေးရွာအနီး ကျောက်တောင်မြေ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၁၀ ဧကတည်ထောင်ရန် ကျင်းတူး၊မြေဖို့ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်းလှည့်လည်ကြည့်ရှုပြီး တင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို သိရှိကာ မိမိတို့၏ အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့(မေဒေးနေ့)ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် မေ ၁ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားများ ကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ် မေ ၁ ရက်မှ စတင်ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ၈၇ ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကို ရင်းကာ ခွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သော အချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာ ဂုဏ်ပြုပါကြောင်း ဦးစွာ ပထမဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါ်များစေရေး၊ အလုပ်လက်မဲ့နှုန်းကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့ တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အစိုးရ၊အလုပ်ရှင်နှင့်အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း ၃၁၁၆ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာစစ်ဆေးကြီးကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network–ASEAN–OS–HNET)တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO က ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

> **ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များဝယ်ယူတင်သွင်းနေရသည့်နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်၊ နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲကြိုးပမ်းအားထုတ်...**

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်(၁၈၂)အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားများကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ ၂၉၈၂ ဖွဲ့၊မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့၊ ခုံသမာဓိကောင်စီ တစ်ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်းအကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏လူမှုဘဝလုံခြုံရေးနှင့်ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း ၁၂၆ မြို့နယ်မှ အာမခံအလုပ်သမားအား ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း ၇၁၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ) ထောက်ပံ့ပေးခဲ့ပြီး ရာဂါမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား ၃၃၉၄ ဦးကိုလည်း ကျပ်ငွေသန်းပေါင်း ၂၆၆ ဒသမ ၂၉၇ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မတ် ၂၈ရက်တွင် ဖြစ်ပေါ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့်အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာမိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ကျပ်ငွေသန်းပေါင်း ၂၁၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ)ကို ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့ကို နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊အသိပညာနှင့်အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ လွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိမရှိသည့်နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှ ကုန်များဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေးဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်၊ ပျဉ်းမနားဘူတာပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ဝန်ထမ်းများခေတ္တအခြေပြုနေထိုင်သည့်ယာယီစခန်းများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဧပြီ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း စက်ယန္တရားကြီးများဖြင့် လမ်းပိုင်းကြံ့ခိုင်မှု ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားဘူတာ ပြန်လည်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းခွင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း ပြည်ဝင်ဘူတာ ယာဒ်ဝင်း၊ အစုန်ရထားလမ်း၌ ရထားများ အမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် Automatic Lining, Levellingand Tamping Machine-ALLTM စက်ယန္တရားအသုံးပြု၍ သံလမ်းကြံ့ခိုင်ရေးဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး စက်ယန္တရားအား သတ်မှတ်စံနှုန်းအတိုင်း ထိရောက်အောင် ကိုင်တွယ်အသုံးပြုရေးနှင့် စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ဝန်ထမ်းများ ကျွမ်းကျင်မှု ပိုမိုပြည့်ဝလာစေရေး၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုစနစ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်စေရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသည့် ဘူတာအဆောက်အအုံ၊ လက်မှတ်ရောင်းချသည့်နေရာအား ပြန်လည်မွမ်းမံတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ပိုမိုတောင့်တင်းခိုင်မာသည့် တိုင်၊တန်းများနှင့်အမိုးများအဖြစ် ပြင်ဆင်တည်ဆောက်ရေး၊ ခရီးသည်များအဆင်ပြေချောမွေ့စေရေးအတွက် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အထူးသတိပြုရေးတို့ကို မှာကြားသည်။ ယင်းနောက် ဘူတာဧရိယာအတွင်း ချို့ယွင်းပျက်စီးနေသည့် ရထားသွားလာမှုထိန်းချုပ်ရေးစနစ်အား အမြန်ဆုံးပြန်လည်ပြင်ဆင် အသုံးပြုနိုင်ရေးတို့ကိုလည်း မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ပို့ဆောင်ရေး)မှ ဝန်ထမ်း၊ မိသားစုများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းသို့ရောက်ရှိပြီး နေထိုင်မှု၊ ချက်ပြုတ်စားသောက်မှု၊ ကျန်းမာရေးစီစဉ်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာနပိုင်မြေနေရာသို့ရောက်ရှိပြီး ဝန်ထမ်း၊ မိသားစုများနေထိုင်မည့် ဘာရှာအဆောက်အအုံဆောက်လုပ်ရန် အကွက်ချထားမှုကို စစ်ဆေး၍ တည်ဆောက်မှု အမြန်ဆုံးစတင်နိုင်ရေး၊ ရေ၊ မီးအဆင်ပြေစွာရရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒက္ခိဏသီရိဆက်သွယ်ရေးစခန်းရုံးသို့ ရောက်ရှိပြီး ရုံးဧရိယာအတွင်း ဝန်ထမ်း၊ မိသားစုများအား ခေတ္တနေရာချထားပေးမှု၊ စားသောက်ရေး စီစဉ်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်း၊ မိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးပေးနေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အွန်လိုင်းလောင်းကစားများနှင့် ဆက်သွယ်ရေးလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၄ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၄ ပါတီရှိပြီဖြစ်သည်။

ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ် ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်း လမ်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပဲကတိုရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းတက္ကသိုလ်အားလည်းကောင်း၊ ပတ္တမြားရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် Grade–12 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချမည့်နေရာများကိုလည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ ရွှေမင်းဝံဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာ ဈေးရောင်းချနေမှုကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ Grade–12 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စာပေလေ့လာကျက်မှတ်နေမှုတို့ကို လည်းကောင်း၊ တကောင်းရပ်ကွက်ရှိအိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်၊ ပိုးတန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအား လည်းကောင်း၊ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်အဆောက်အအုံများအားလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတို့တွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများနှင့် လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအား လည်းကောင်း၊ ထုံးဘိုရပ်ကွက်ရှိ လျှင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကာ စခန်းအတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့သွားရောက်၍ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များတည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကိုလည်းကောင်း၊ ကျော့မိုးတံခါးရှိ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအားလည်းကောင်း၊ မြို့ရိုးပေါ်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါဟိုတယ်နေရာသို့လည်းကောင်း၊ မန္တလေးမြို့၏ အဓိကလမ်းမကြီးများထဲတွင် ပါဝင်သည့် ၂၆ လမ်းမကြီးနှင့် ၇၃ လမ်းမကြီးများပေါ်ရှိ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများအားလည်းကောင်း၊ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများကို ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇင်းနောက် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့သွားရောက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လုပ်ငန်းပြီးစီးမှုများအား နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးနန်းမြို့ရိုးပေါ်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် မန္တလေးမြေလျှင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် လျှင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေးအဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိအမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ လျှင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်း

စာမျက်နှာ ၂၁ သို့

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

**စာမျက်နှာ ၂၀ မှအဆက်**

နေမှုအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက်သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများကို တွေ့ဆုံအားပေးစကား ပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ကျောင်းထိုင် ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ကံဦးရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည့် မန္တလေးမြေငလျင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေးအဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ခြင်း၊ ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူ တစ်ဦးစီအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငါးသိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က သုံးသိန်း စုစုပေါင်း ၁၈ သိန်းနှုန်းဖြင့် အသက်ဆုံးရှုံးခဲ့ရသူ ၃၆၃ ဦးအတွက် ငွေကျပ် ၆၅၃၄ သိန်းနှင့် စားနပ်ရိက္ခာအနေဖြင့် လူတစ်ဦးလျှင် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာငါးမျိုး လူဦးရေ ၇၂၆၀၀ အတွက် ငွေကျပ် ၃၈၄၄၉ သိန်းကျော်နှင့် စုစုပေါင်း ငွေကျပ် ၄၄၉၈၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်က အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် လက်ပန်ဇင်ကျေးရွာအုပ်စု အင်းကုန်းကျေးရွာ အင်းကုန်းအခြေခံပညာ မူလတန်းကျောင်းတို့၌ ဆေးကုသပေးလျက်ရှိသော မလေးရှားနိုင်ငံမှ Mrs. Masniza ခေါင်းဆောင်သော MERCYMalaysia ဆေးကုသရေးအဖွဲ့အားကျေးဇူးတင်စကားပြောကြား၍ ဆေးကုသရေးဆောင်ရွက်နေမှုနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ပညာပေးရေး လုပ်ဆောင်နေမှုများအား ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသော ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကိုးပင်ကျေးရွာအုပ်စု ဇလဲကျေးရွာ ဇလဲဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ရှိ UNITY HEART က ဦးစီး၍ ဖွင့်လှစ်ပေးထားသော ငလျင်ဘေးသင့် ပြည်သူများအတွက် ကြက်မင်းတွန်းရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂)ကယ်ဆယ်ရေးစခန်းတို့ကိုသွားရောက်၍ ယခင်က မှာကြားထားသည့်အတိုင်း လူနေတဲများအား မိုးလုံနေပူဒဏ်လုံအောင် ဆောင်ရွက်စေခြင်း၊ သောက်ရေသုံးရေကန်များ စနစ်တကျဆောင်ရွက်စေခြင်း၊ စည်းကမ်းတကျနေထိုင်နိုင်ရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျဆောင်ရွက်စေရေး၊ သန့်စင်ခန်းများအား ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့အား ပြန်လည်စစ်ဆေးပြီး မကြာမီ မိုးကျတော့မည်ဖြစ်သဖြင့် ဝမ်းရောဂါနှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး မှာကြားပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက်ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

၎င်းနောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့် အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးတပ်ဆင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ရပ်ကွက်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ အဆိုပါရပ်ကွက်၌ ဓမ္မာရုံဆောက်လုပ်ပြီးစီးမှုများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့်နေရာများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ နေထိုင်သည့်နေရာများနှင့် အဝီစိတွင်း တူးဖော်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဧပြီ ၃၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက် စာရင်းဇယားများ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၁၄၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများကို ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်း ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှု လုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**❖ မိုးထစ်ချုန်းရွာနိုင်မှု**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**☆ ကျောဖုံးမှအဆက်**

ပင်လယ်ပြင်တွင် ရေငန်ထွက်ကုန်များကို ၁၂ ရာသီဖမ်းဆီးမှုဖြင့် ရေသယံဇာတ ထိခိုက်မှုကြောင့် မေ ၁ ရက်မှ ဇူလိုင်လကုန်ထိ သုံးလရပ်နားခဲ့ရာမှ ပြည်တွင်းဈေးကွက်၌ ရေငန်ထွက်ကုန်စားသုံးမှု ပြတ်လပ်မှုမရှိစေရန် မေလနှင့် ဇွန်လကို ပင်လယ်ပြင် ငါးမဖမ်းရရာသီအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများနှင့် ငါးသယ်ရေယာဉ်တို့တွင် ရေငန်ထွက်ကုန်များဖြစ်သည့် ငါးသင်ဝါ၊ ငါးခွေးလျှာ၊ ရွှေငါး၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးတန်လွယ်၊ ငါးမွေထိုး၊ ငါးစင်းလုံး၊ ငါးဇင်းပြား၊ သင်ဖြူ၊ သင်ဝါ၊ ငါးခေါင်းပွ၊ ငါးရောင်၊ တိုက်ဂါးပုစွန်အပါအဝင် ရေထွက်ကုန်အမည် ၂၀ ကျော်ကို ငါးစည်ပိုင်းများတွင် ထည့်၍ တင်ဆောင်လာကာ လက်ကားဒိုင်များက ပြန်လည်ဝယ်ယူ၍ အအေးခန်းစက်ရုံများသို့ပို့ဆောင်ပြီး နှစ်လတာအတွင်း ရေငန်ထွက်ကုန်များ ပြတ်လပ်မှုမရှိစေရန် ပြန်လည်ရောင်းချလေ့ရှိသည်။

ရေငန်ထွက်ကုန်များကို ငါးဖမ်းရာသီပိတ်သိမ်းချိန်နှစ်လတာအတွင်း ရောင်းချနိုင်မှုမရှိပါက ရေချိုငါး၊ ပုစွန်ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူများ ရင်ဆိုင်ရလေ့ရှိရာ ရန်ကုန်ဈေးကွက်တွင် စားသုံးမှုများလာသည့် ရေငန်ထွက်ကုန်များ ရာသီမပြတ်စားသုံးနိုင်စေရန် ရန်ကုန်မြို့ အအေးခန်းစက်ရုံများတွင် သိုလှောင်၍ ပြန်လည် ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

မြန်မာ့ရေထွက်ကုန်များကို ဧရာဝတီတိုင်းဒေသကြီးပင်လယ်ပြင်နှင့် တနင်္သာရီတိုင်းဒေသကြီးပင်လယ်ပြင်တို့တွင် ဖမ်းဆီးခြင်းဖြစ်၍ ငါးဈေးကွက်များသို့ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး ပြည့်ပပို့ကုန်ရေထွက်ပစ္စည်းများကိုလည်း အအေးခန်းစက်ရုံများမှတစ်ဆင့် တင်ပို့နိုင်ခဲ့ရာ လုပ်ငန်းရှင်များ အဆင်ပြေကြကြောင်း၊ ယနေ့ ဆိပ်ကမ်းများသို့ဝင်ရောက်လာကြသည့် ရေထွက်ကုန်များကို နှစ်ရက်တာရောင်းချပြီးပါက အအေးခန်းစက်ရုံများတွင် သိုလှောင်ထားသည့် ရေထွက်ကုန်များကို ရေငန်ထွက်ကုန်ဈေးကွက်တွင် နှစ်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)**

# မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်


**နေပြည်တော် ဧပြီ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေယာဉ်ကွင်းအတွင်းရှိ အရေးကြီး အဆောက်အအုံများကို ထိခိုက်ပျက်စီးစေရန်နှင့် ပြည်သူများအထိတ်တလန့်ဖြစ်စေရန် အကြံအစည်များဖြင့် KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့် အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရှော့တိုက်ဒုံးဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ လေယာဉ်ကွင်း၏ အရှေ့မြောက်ဘက် မီတာ ၄၅၀ အကွာနေရာသို့ ရှော့တိုက်ဒုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့်နေရာနှင့် အနီးဝန်းကျင်တစ်ဝိုက်ကို ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့် မေးမြန်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ပြပုံ။**




**၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နမီးဘီးယားနိုင်ငံမြောက်ပိုင်း အိုဝီနာဒေသတွင် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပွားလျက်ရှိ



**ဝင်းဟုတ် ဧပြီ ၃၀**

နမီးဘီးယားနိုင်ငံ မြောက်ပိုင်း အိုဝီနာဒေသတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုသည် ဧပြီ ၁ ရက်မှ ယနေ့ထိ ဖြစ်ပေါ်နေဆဲဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များတွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်နေကြောင်း၊ ဧပြီ ၂၈ ရက်က အဆိုပါဒေသတွင် ရေဘေးကြောင့် ကလေးနှစ်ဦး သေဆုံးကာ အိမ်ထောင်စုပေါင်း ၂၃၃ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ကျေးရွာအများအပြားတွင်လည်း ကျန်းမာရေး ဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ရကြောင်း၊ သီးနှံစိုက်ခင်းများလည်း ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဧပြီ ၂၈ ရက်က ထုတ်ပြန်ခဲ့သည့် ဒေသဆိုင်ရာ စုပေါင်းရေလွှမ်းမိုးမှု အစီရင်ခံစာအရ သိရသည်။

အဆိုပါ ရေဘေးသင့်ဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိရန် အခက်အခဲများရှိပြီး အချို့ကျေးရွာများမှာ ရိက္ခာလုံးဝပြတ်တောက်နေပြီဖြစ်သဖြင့် ရိက္ခာနှင့် ဆေးဝါးပို့ဆောင်ရန် ရဟတ်ယာဉ်များကို အသုံးပြုနေရကြောင်း၊ ဒေသတွင်းရှိ စာသင်ကျောင်း ၂၉ ကျောင်း ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ပိတ်ထားရကြောင်း၊ စာသင်ကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းနေအရွယ်ကလေး ဦးရေ ၇၀၀၀ ကျော် စာသင်ကြားရေးပြတ်တောက်ခဲ့ရသဖြင့် စာသင်ချိန်များကို စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် အစားထိုးစာသင်ကြားနိုင်ရေး စီစဉ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဖွဲ့ဝင် ၁၀၀၀ ကျော်ကို ဖြန့်ကြက်ထားကာ ဆေးကုသပေးလျက်ရှိသော်လည်း သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် ဆေးဝါးများ၊ စက်ကရိယာများ ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပြီး အကူအညီပေးရေး အစီအစဉ်များမှာ ထိရောက်မှု အားနည်းနေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်တောင်ဘက်ပိုင်းတွင် အသေးစားလေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဧပြီ ၃၀**

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ် တောင်ဘက်ပိုင်းတွင် ဧပြီ ၂၈ ရက်က အသေးစားလေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း မင်နီဆိုတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



လေဆင်နှာမောင်းသည် ရိုက်ကောင်တီကို ဗဟိုပြုဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေဆင်နှာမောင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးကျရောက်မှုလည်းဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခဲ့သည့်ကာလမှာ အချိန်ကြာမြင့်ခြင်း မရှိသည့်အတွက် ကြီးကြီးမားမားပျက်စီးမှုမျိုးမရှိခဲ့ဘဲ လေဆင်နှာမောင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့်ရေဘေးအန္တရာယ်ကိုသာ သတိပြုရမည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"ဧပြီ ၂၈ ရက်က ရိုက်ကောင်တီကို ဗဟိုပြုပြီးတော့ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်းက အသေးစား လေဆင်နှာမောင်းပဲ ဖြစ်တဲ့အတွက် ကြီးကြီးမားမား ပျက်စီးတာမျိုးတော့ မရှိခဲ့ဘူး။ ဒါပေမဲ့ မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တာကိုတော့ အထူးသတိပြုရမယ်။ လေဆင်နှာမောင်းဟာ ခဏပဲတိုက်ခတ်ပြီးတော့ ပြန်လည် တည်ငြိမ်သွားတာမျိုး ဖြစ်တဲ့အတွက် ဒေသခံတွေ အန္တရာယ်မရှိခဲ့ပါဘူး"ဟု အမေရိကန် အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘရန်နန်က ပြောကြားခဲ့သည်။

အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို စောင့်ကြည့်နေပြီး ရေဘေးအန္တရာယ် သတိပေးချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဗြိတိန်နိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် အပူချိန်မြင့်တက်မှုများ မကြာခဏရင်ဆိုင်နေရ

**လန်ဒန် ဧပြီ ၃၀**

ဗြိတိန်နိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် အပူချိန်မြင့်တက်မှုများ မကြာခဏ ရင်ဆိုင်နေရကြောင်း Climate Change Committee's (CCC) အဖွဲ့မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သော နှစ်အနည်းငယ်မှစတင်၍ ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်မဟုတ်သည့် ရေကြီးရေလျှံမှု၊ အပူချိန်မြင့်တက်မှု၊ မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှုများ မကြာခဏဖြစ်ပေါ်နေခြင်းဖြစ်ပြီး ပိုမိုဆိုးရွားသည့် ရာသီဥတုလွန်ကဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်ချိန် တုံ့ပြန်ရေးအစီအစဉ်များကို ကြိုတင်ပြင်ဆင်ထားခြင်းမရှိသလို ထပ်မံရင်ဆိုင်ရမည့် ရာသီဥတုလွန်ကဲမှုကို ထိန်းချုပ်နိုင်ရေးအတွက်လည်း ပြင်ဆင်ထားမှုများမရှိကြောင်း CCC က ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံမှာ ပြီးခဲ့တဲ့နှစ် အနည်းငယ်လောက်က စတင်ပြီးတော့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ရာသီဥတုလွန်ကဲတာတွေ ဖြစ်ပေါ်ခဲ့တယ်။ ရေကြီးရေလျှံမှု၊ မိုးခေါင်မှု၊ အပူချိန်မြင့်တက်မှုနဲ့ တောမီးလောင်ကျွမ်းမှုတွေ မကြာခဏဖြစ်ပေါ်ခဲ့တယ်။ ပိုမိုဆိုးရွားတဲ့ ရာသီဥတုလွန်ကဲမှုတွေလဲဖြစ်ပေါ်လာနိုင်တယ်။ ရာသီဥတုလွန်ကဲမှုတွေ မကြာခဏဖြစ်ပေါ်နေပေမဲ့ တာဝန်ရှိသူတွေအနေနဲ့ ပြန်လည်တုံ့ပြန်ရေးအစီအစဉ်တွေ ပြင်ဆင်ထားတာမရှိသလို ရင်ဆိုင်ရနိုင်တဲ့ ပိုမိုဆိုးရွားတဲ့ ရာသီဥတုလွန်ကဲမှုကို ထိန်းချုပ်နိုင်ဖို့အတွက်လဲ ဘာအစီအစဉ်မှ စီစဉ်ထားတာမျိုးမရှိပါဘူး"ဟု Climate Change Committee's (CCC) အဖွဲ့၏ ဥက္ကဋ္ဌ ဂျူလီယာကင်းက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူတောမီးလောင်ကျွမ်းမှုကို လေကြောင်းအကူအညီဖြင့် ထိန်းချုပ်နိုင်ခဲ့

**ဆိုးလ် ဧပြီ ၃၀**

တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့တွင် ဧပြီ ၂၈ ရက်က စတင် လောင်ကျွမ်းခဲ့သော တောမီးကို ဧပြီ ၂၉ ရက် ညပိုင်းက လေကြောင်းအကူအညီဖြင့် တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယား မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပေးခဲ့ရာတွင် KAI KUH-1 အမျိုးအစားရဟတ်ယာဉ်များဖြင့် တောမီးကိုငြိမ်းသတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကြောင့် သစ်တောမြေ ဟက်တာ ၂၆၀ မီးလောင်ကျွမ်းသွားခဲ့ပြီး နေအိမ်တချို့ မီးလောင်ကျွမ်းပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ကြောင်း သိရသည်။

"ဒယ်ဂူမြို့အနီးမှာ လောင်ကျွမ်းခဲ့တဲ့တောမီးကို ၂၄ နာရီအတွင်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဧပြီ ၂၉ ရက်ည တစ်ညလုံး လေကြောင်းအကူအညီနဲ့ တောမီးကို ငြိမ်းသတ်ခဲ့တာဖြစ်ပြီးKAI KUH-1 ရဟတ်ယာဉ်အမျိုးအစားကို အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ဒီရဟတ်ယာဉ်တွေက တစ်စင်းကို ရေလီတာ ၂၀၀၀ ထိတင်ဆောင်နိုင်တဲ့ ရဟတ်ယာဉ်တွေဖြစ်ပါတယ်။ ညကြည့်မှန်ပါ ပါတဲ့အတွက်ကြောင့် အပူချိန်လျော့ကျတဲ့ ညအချိန်မှာ တောမီးကို ငြိမ်းသတ်ခဲ့တာဖြစ်လို့ ထိရောက်မှုရှိခဲ့ပါတယ်"ဟု တောင်ကိုရီးယား မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ တိဗက်ဒေသတွင် ပြင်းအား ၄ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ပေကျင်း ဧပြီ ၃၀**

တရုတ်နိုင်ငံ တိဗက်ဒေသရှိ ဝေးလံခေါင်သီသော ယူးတို့ကောင်တီတွင် ဧပြီ ၂၉ ရက် နံနက် ၄ နာရီ ၁၇ မိနစ်က ပြင်းအား ၄ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း တရုတ်နိုင်ငံ မြေငလျင်ကွန်ရက်စင်တာက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် တိဗက်ဒေသ၏အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်သေဆုံးမှုနှင့် ကြီးမားသော အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်ပြီး တိကျသောသတင်း မရရှိသေးကြောင်း သိရသည်။

တိဗက်ဒေသ၏ နေထိုင်သူ လူဦးရေနည်းပါးသော ယူးတို့ကောင်တီတွင် ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ရန် အရေးပေါ်အဖွဲ့များကို ဖြန့်ကြက်ချထားသော်လည်း အဆိုပါအရပ်ဒေသ၏ မြေပြင်အနေအထားနှင့် ဆက်သွယ်မှု အကန့်အသတ်ရှိမှုများကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ဒေသအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ဒေသအာဏာပိုင်များက အဆိုပါဒေသတွင် နေထိုင်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ရန် အမိန့်ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း၊ သို့သော် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများဖြစ်ပေါ်နိုင်ကြောင်း၊ ငလျင်ကြောင့် မြေပြိုမှုများ၊ လမ်းပျက်စီးမှုများကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အခက်အခဲမဖြစ်စေရေး ဆောင်ရွက်နေကြောင်း တိဗက်ဒေသဆိုင်ရာ အရေးပေါ်ဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဂေဟစနစ်ဆိုင်ရာ အားနည်းချက်များ၊ ဒေသဆိုင်ရာကြိုတင် သတိပေးစနစ် အားနည်းခြင်းနှင့် အချိန်မီ သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုများကို နှောင့်နှေးခြင်းများကြောင့် အဆိုပါဒေသနေပြည်သူများသည် သဘာဝဘေးကို ပိုမိုခံစားနေကြရကြောင်း ဒေသခံသင်းအုပ်ဆရာများနှင့် ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းများမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။


Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# မေတ္တာစမ်းရေစီးဆင်းခဲ့ပြီ

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

ဒီရွာကလေးကို စရောက်ကတည်းက ကျွန်မ စိတ်များ အေးချမ်းနေသည်မှာ အမှန်ပင်ဖြစ်သည်။ ရွာသူ၊ ရွာသားများ၏ ဖော်ရွေပျူငှာစွာ ဆက်ဆံတတ်သောစိတ်ထားများကြောင့် အသစ်အနေဖြင့်ရောက်လာသည့် ကျွန်မကဲ့သို့သော အလယ်တန်းပြဆရာမ တစ်ဦးအတွက် အလုံးစုံမပြည့်စုံလျှင်ပင် အတော်အသင့် အဆင်ပြေလှသည်။

"ဆရာမကတော့ အချိန်မှန်ပဲနော်။ ကျွန်မ တစ်သက် ဆရာမလို အချိန်ကိုလေးစားတဲ့သူမျိုး မတွေ့ဖူးသေးပါဘူးရှင်"

တံတားထိပ်ရောက်သည်နှင့် အမြဲနှုတ်ဆက်နေကျဖြစ်သော ဒေါ်ဥသည် ကျွန်မကို ခရီးဦးကြိုပြု၍ ချိုးမွမ်းခန်းဖွင့်လိုက်သည်။

"ဒီလိုပါပဲ ဒေါ်ဥရယ်။ ကျွန်မက နိုင်ငံ့ဝန်ထမ်းဆိုတော့ အချိန်ကိုတတ်နိုင်သလောက် လေးစားမှ ဖြစ်မယ်လေ"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် ကြည်လင်သော မျက်နှာထားဖြင့် ဒေါ်ဥ၏စကားကို ပြန်လည်ဖြေကြားလိုက်သည်။ ဆရာမ ဒေါ်ပန်းဝတ်ရည်သည် ဆိုင်ကယ်ကို လမ်းဘေးတွင် စက်သတ်၍ ဒေါ်ဥ၏ အကြော်တဲရှိရာသို့ လျှောက်လာလိုက်သည်။

"ဒေါ်ဥရေ ထုံးစံအတိုင်း ပဲလွမ်းကြော်တစ်ခု၊ ဗယာကြော်တစ်ခုထည့်ပေးပါနော်"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် ပိုက်ဆံအိတ်ထဲမှ ငွေ ၅၀၀ ကိုထုတ်၍ ဒေါ်ဥကို အကြော်ဖိုးပေးမည်ပြုလိုက်သည်။

"နေပါစေဆရာမရယ်။ အကြော်ဖိုးပေးစရာမလိုပါဘူးရှင်။ ကျွန်မတို့ရွာကို တကူးတကလာပြီး ကလေးတွေပညာရေးအတွက် အချိန်မပျက်လာသင်ပေးနေတာကိုပဲ ကျွန်မက လေးစားနေရတာပါရှင်"

ဒေါ်ဥသည် ဆရာမ ဒေါ်ပန်းဝတ်ရည်ပေးသော ငွေ ၅၀၀ ကို ခါးခါးသီးသီးငြင်းဆန်နေတော့သည်။

"အဲဒီလိုတော့မလုပ်ပါနဲ့ ဒေါ်ဥရယ်။ ကျောင်းဆရာမဖြစ်တဲ့ ကျွန်မက ကျွန်မအလုပ်ကို ကျွန်မတာဝန်ကျေပွန်အောင်လုပ်ရမှာ သဘာဝပါရှင်။ နိုင်ငံတော်ကလဲ ကျွန်မတို့ကို အလုပ်နဲ့ထိုက်တန်သလောက် ပေးထားပြီးသားပါ။ သူ့ဆန်စားရင် ရဲရမယ်ဆိုတဲ့စကားအတိုင်း ဒေါ်ဥတို့လိုပြည်သူတွေက ပေးထားတဲ့လစာကိုယူပြီး ကျွန်မကလဲ ကျွန်မ စာသင်တဲ့အလုပ်ကို တာဝန်ကျေပွန်နေတာ ဘာများ အဆန်းဖြစ်နေလို့လဲရှင်"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် သူ၏ပင်ကိုစရိုက်အတိုင်း မှန်ရာကိုကွက်ကွက်ကွင်းကွင်း၊ ဘွင်းဘွင်း ရှင်းရှင်းပြောချလိုက်သည်။

"ဒါကြောင့် ကျွန်မပြောတာပေါ့ရှင်။ ဆရာမလို ဝန်ထမ်းမျိုး ကျွန်မ မတွေ့ဖူးသေးပါဘူးလို့"

ဒေါ်ဥသည် ပဲလွမ်းကြော်နှင့် ဗယာကြော်ကို အိတ်ဖြင့်ထည့်ကာ ဆရာမကို လှမ်းပေးရင်း ဤကဲ့သို့ ပြောလိုက်သည်။

"ဒီတစ်ခါတော့ ကျွန်မက စေတနာသန့်သန့်နဲ့ လှူတာမို့ လက်ခံပေးပါဆရာမရယ်။ နောက်တစ်ခါ ဆိုရင်တော့ ကျသင့်တဲ့တန်ဖိုးကို ကျွန်မယူပဲ့မယ်ရှင်"

ထိုနေ့ကလေးသည် ပေကုန်းရွာ တံတားခြေရင်းရှိ အကြော်ဆိုင်ကလေးတွင် အရသာစုံလင်သော ကျေးလက်မုန့်ကြော်ရနံ့ကလေးများ သင်းပျံ့၍ မွှေးကြိုင်နေတော့သည်။

(၂)

ဆရာမ ဒေါ်ပန်းဝတ်ရည်တာဝန်ကျသော ကျောင်းကလေးမှာ မြို့နှင့်တစ်မိုင်မျှသာဝေးသည်။ ထို့ကြောင့် ဆိုင်ကယ်စီး၍ နေ့ချင်းပြန် စာသင်နေခြင်းဖြစ်သည်။ နွေရာသီတွင် သွားလာရသည်မှာ အခက်အခဲမရှိသော်လည်း မိုးတွင်းဘက်တွင်မူ မိုးဒဏ်လေဒဏ် အနည်းငယ်ခံစားရသဖြင့် သွားရလာရသည်မှာ ခရီးအနည်းငယ် ကြန့်ကြာလျက်ရှိသည်။ သို့သော်လည်း သူ၏ဖခင်ဖြစ်သူက "ဝန်ထမ်းလုပ်တယ်ဆိုတာ သတ္တိရှိမှလုပ်လို့ရတာသမီး"ဟူသောစကားကို ပြန်လည်ကြားယောင်မိတိုင်း စိတ်ဓာတ်ခွန်အားကိုမြှင့်တင်ပြီး ဆရာမအဖြစ်သို့ ကျားကုတ်ကျားခဲ ကြိုးစားလာခဲ့ရသည်မှာ ယခုဆိုလျှင် အလယ်တန်းပြဆရာမပင်ဖြစ်လာတော့သည်။

"ဆရာမကတော့ ဒီအချိန်ဆို အမြဲပုံမှန်ပဲနော်။ ကျွန်တော်က မိုးတွေသည်းနေတော့ ဆရာမ မလာလောက်တော့ဘူးထင်နေတာဗျ"

ဆရာလေး ကိုစိုးနိုင်သည် ဆရာမ ဒေါ်ပန်းဝတ်ရည်ကို မိုးရေစိုရွှဲနေသောပုံစံနှင့် တွေ့ရသောကြောင့် အံ့အားသင့်စွာ မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်ဆရာရေ။ မြို့ကစထွက်လာစက မိုးကမရွာသေးပါဘူး။ လမ်းတစ်ဝက်လောက်ကျမှ မိုးမိသွားတာ။ ကျွန်မလဲ ကလေးတွေစာမေးပွဲနီးနေတာနဲ့ အိမ်ပြန်မလှည့်တော့ဘဲ ကျောင်းကိုတန်းပြီး မောင်းလာလိုက်တော့တာ"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် ပြောပြောဆိုဆိုနှင့် ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး ကျောင်းဝင်းထဲသို့ ပြေးဝင်လိုက်သည်။

"ဟာ... ဆရာမ မိုးတွေစိုရွှဲလာပါလား။ အင်္ကျီကော အပိုပါလာရဲ့လား"

ဆရာမဒေါ်ပန်းဝတ်ရည်သည် သူ့ကိုမေးနေသော သူကိုကြည့်လိုက်သည်။

"ဟုတ်တယ်ဒေါ်ဥရေ။ မိုးလွတ်မယ်ထင်ပြီး အဝတ်အစားက ယူမလာမိဘူး။ ဒါနဲ့ ဒေါ်ဥသမီးကို ကျောင်းလာပို့တာလား။ ကလေးကော မိုးမိသေးလား။ ကလေးမိုးမိရင်လဲ အဝတ်အစားတွေချက်ချင်းလဲပေးလေ။ ကလေးက မနေ့ကတည်းက နေမကောင်းချင်သလိုဖြစ်နေတာ"

"ဟိုဟို ပြီးတော့ အမယ်လေး ဆရာမရယ် ကလေးကရေမစိုပါဘူး။ ဘာမှလဲမဖြစ်ပါဘူး။ ဆရာမသာ အဝတ်အစားတွေအမြန်လဲလိုက်ပါနော်"

ဒေါ်ဥသတိပေးသလိုပြောလိုက်မှ ဆရာမ ဒေါ်ပန်းဝတ်ရည်သတိရသွားသည်။ သူ့အတန်းထဲတွင် စာအတော်ဆုံးဖြစ်သော တပည့်မကလေး ဖျားနာပြီး စာမေးပွဲမဖြေနိုင်မည်ကိုစိုးရိမ်ကာ ကရုဏာဒေါဖြင့် ပြောဆိုနေပုံမှာ သူရေစိုနေသောအဖြစ်ကိုပင် သတိမေ့သွားတော့သည်။

"ဒါကြောင့် ကျွန်မပြောတာပေါ့ ဆရာမရယ်။ ဆရာမလိုဆရာမမျိုး ကျွန်မ မတွေ့ဖူးသေးပါဘူးလို့"

(၃)

"ဩော်...ဆရာမ မိုးရေစိုလာတာပဲ။ အင်္ကျီအပိုမပါဘူးနဲ့တူတယ်"

ဆရာမ ဒေါ်ပန်းဝတ်ရည်ကို အင်္ဂလိပ်စာပြဆရာမက မေးလိုက်သည်။

"မပါဘူး ဆရာမရေ။ ကူညီပါအုံး"

"မပူပါနဲ့ဆရာမရယ်။ ကျွန်မမိုးမိရင်လဲဖို့ အဝတ်တစ်စုံပိုထည့်လာပါတယ်။ ဒီမှာခဏဝတ်ထားလိုက် ဆရာမ"

အင်္ဂလိပ်စာပြဆရာမ လှမ်းပေးလိုက်သောအထုပ်ထဲက အဝတ်ကိုထုတ်၍ ဆရာမ ဒေါ်ပန်းဝတ်ရည် ဝတ်ရန်ပြင်လိုက်သည်။

"ဟယ်...ဆရာမ ကျောင်းစိမ်းမဟုတ်ဘူးလား"

"ဟုတ်တယ်ဆရာမရေ။ ကျွန်မလဲ မိုးကခဏခဏရွာတာနဲ့ ကျောင်းစိမ်းက လျှော်လှမ်းရတာ အဆင်မပြေလို့ ပြေတာထည့်လာလိုက်တာ"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် အဖြူနှင့်အစိမ်း ကျောင်းဝတ်စုံမဟုတ်သောကြောင့် ဝတ်ရန်တွန့်ဆုတ်နေသည်။ ဆရာမ ဒေါ်ပန်းဝတ်ရည်၏စိတ်နေစိတ်ထားကိုသိသော ရွာခံဆရာမက ဝင်၍ပြောလိုက်သည်။

"ဆရာမရေ ဒေါ်ပန်းဝတ်ရည်က ကျောင်းဆရာမအလုပ်ကိုလေးစားသလို စည်းကမ်းကိုလဲ သူများထက်ကို ပိုပြီးလိုက်နာတယ်ရှင့်။ ဆရာမဝတ်စုံမဝတ်ဘဲ ဘယ်တော့မှ စာမသင်တဲ့ဆရာမထဲမှာတော့ သူကနံပါတ်တစ်ပဲရှင်။ ကျွန်မအိမ်ကို ခေါ်သွားပြီး ဝတ်စုံတစ်စုံပေးလိုက်ပါ့မယ်။ အဖြူနဲ့အစိမ်းမရရင် သူဒီရေစိုဝတ်စုံနဲ့စာသင်မဲ့ဆရာမမျိုးပါရှင်"

ရွာခံဆရာမသည် ဆရာမ ဒေါ်ပန်းဝတ်ရည်၏ အကြောင်းကိုသိပြီးသားသူဖြစ်သောကြောင့် ရွာထဲရှိ သူ့အိမ်သို့ခေါ်သွားလေတော့သည်။

**❖မိခင်ဖြစ်သူ ဒေါ်သထွက်နေမှန်း ဆရာမ ဒေါ်ပန်းဝတ်ရည်သိသည်။ သို့သော်လည်း ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေရက်အလွန် နီးကပ်နေသောကြောင့် မိခင်စကားကို နားမထောင်သော သမီးမိုက်ကဲ့သို့ ခေတ္တခဏနေလိုက်တော့သည်။ "အမေရေ သမီးအတွက် ဘာမှမပူနဲ့နော်။ ဖြစ်လာသမျှကို ကံလို့ပဲ သမီးထားလိုက်တယ် အမေရေ။ ကံကိုပဲ သမီးပုံချလိုက်တော့မယ်။ သမီးကတော့ မဖြစ်မနေကိုသွားပြီအမေရေ" ဆရာမ ဒေါ်ပန်းဝတ်ရည်သည် မိခင်၏စကားကို မသိကျိုးကျွန်ပြု၍ ဆိုင်ကယ်ကိုမောင်းကာ ကျောင်းသို့သွားလေတော့သည်။ ❖**

(၄)

"ပန်းဝတ်ရည်ရယ် ညည်းမသွားပါနဲ့လား။ ခရီးကလဲပန်း၊ လမ်းကလဲကြမ်းပွါဟယ်"

မိခင်ဖြစ်သူက သမီးဖြစ်သူကိုမသွားရန် တားဆီးနေခြင်းဖြစ်သည်။

"အမေရယ် သမီးလဲဘယ်သွားချင်ပါ့မလဲ။ အခုဟာက ကလေးတွေ စာမေးပွဲက တအားကိုနီးကပ်နေတာအမေရဲ့။ သမီးမသွားလို့မဖြစ်လို့ပါ"

မိခင်ဖြစ်သူ တားမြစ်နေသည့်ကြားမှ ဆိုင်ကယ်ဦးထုပ်ကိုဆောင်း၍ ဆိုင်ကယ်ကို အိမ်ထဲက ထုတ်လိုက်သည်။

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာမြို့နယ်တွင် ဆောင်းကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၄၅၇၁ ဒသမ ၅၈ ပိဿာ ထွက်ရှိ



**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၅၇၁ ဒသမ ၅၈ ပိဿာထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၇၈၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကြက်သွန်နီ ၇၈၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီဈေးကွက်မှာ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကိုကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး မေ ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့ဟောင်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြို့ဟောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

➤ စာမျက်နှာ ၂၄ မှအဆက်

"ခက်တယ်မိပန်းရယ်။ ကျုပ်က ညည်းမလိုအပ်တာတွေဖြစ်လာမှာဆိုးလို့ပြောနေတာ။ ဖြစ်လာရင် ဘာမှမတတ်နိုင်ဘူးနော်။ ညည်းကျုပ်စကားကို ဒီတစ်ခါလောက်တော့ နားထောင်လိုက်စမ်းပါအေ"

မိခင်ဖြစ်သူ ဒေါ်သထွက်နေမှန်း ဆရာမ ဒေါ်ပန်းဝတ်ရည်သိသည်။ သို့သော်လည်း ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေရက် အလွန်နီးကပ်နေသောကြောင့် မိခင်စကားကိုနားမထောင်သော သမီးမိုက်ကဲ့သို့ ခေတ္တခဏနေလိုက်တော့သည်။

"အမေရေ သမီးအတွက် ဘာမှမပူနဲ့နော်။ ဖြစ်လာသမျှကို ကံလို့ပဲ သမီးထားလိုက်တယ်အမေရေ။ ကံကိုပဲ သမီးပုံချလိုက်တော့မယ်။ သမီးကတော့ မဖြစ်မနေကိုသွားပြီအမေရေ"

ဆရာမ ဒေါ်ပန်းဝတ်ရည်သည် မိခင်၏စကားကို မသိကျိုးကျွန်ပြု၍ ဆိုင်ကယ်ကိုမောင်းကာ ကျောင်းသို့သွားလေတော့သည်။

(၅)

စာမေးပွဲနောက်ဆုံးရက်ဖြစ်သောကြောင့် ဆရာမ ဒေါ်ပန်းဝတ်ရည် အနည်းငယ်စိတ်သက်သာရာတော့ ရသွားသည်။ ရှေ့ရက်များတွင် ဖြေဆိုသောဘာသာရပ်များကို အခက်အခဲမရှိဖြေဆိုနိုင်ကြသည်ဟူသော အသံကိုကြားရသဖြင့် ပို၍စိတ်သက်သာရာရနေသည်။ စာမေးပွဲဖြေဆိုချိန် နာရီဝက်အလိုတွင် သူဗိုက်နာစပြုလာတော့သည်။ စာမေးပွဲပြီးသည့်အချိန်ထိ ထိန်းထားရန်အားတင်းထားသော်လည်း ခေါင်းမူးဝေလာသဖြင့် သတိလစ်ကာ စာမေးပွဲခန်းထဲ၌ပင် မေ့လဲကျသွားတော့သည်။

အရေးပေါ်အခြေအနေဖြစ်သောကြောင့် ကျောင်းအုပ်ဆရာမကြီးမှာ သုံးဘီးယာဉ်စီစဉ်ကာ မြို့ဆေးရုံသို့ ချက်ချင်းတင်လိုက်ရသည်။ အရေးပေါ်အခြေအနေဖြစ်သောကြောင့် ဗိုက်ခွဲရသည့်အဆင့်သို့ရောက်သွားတော့သည်။

"ပန်းအဆင်ပြေလား။ မူးတာမော်တာဖြစ်သေးလား"

ဆရာမ ဒေါ်ပန်းဝတ်ရည်၏လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ဆရာမ၏ခင်ပွန်းဖြစ်သူမှာ စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

"ပြေပါတယ်အစ်ကို။ ပန်းလဲ ဘယ်လိုဖြစ်သွားလဲမသိလိုက်ဘူး။ ကလေးတွေကော အဆင်ပြေလား အစ်ကို"

"ဘယ်ကလေးလဲ ပန်း"

"ပန်းတပည့်တွေလေ။ စာမေးပွဲဖြေနိုင်ကြလားလို့"

ဆရာမ ဒေါ်ပန်းဝတ်ရည်၏ခင်ပွန်းသည် သူ၏စကားသံကိုကြားလိုက်ရသဖြင့် ယောကျ်ားတန်မဲ့မျက်ရည်ကိုမထိန်းနိုင်တော့ဘဲ လူနာခန်းထဲမှပြေးထွက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"ပန်းရယ်မင်းရဲ့ရင်သွေးအမွှာပူးလေး လူ့လောကထဲကထွက်ခွာသွားတာတောင် မင်းကမသိဘဲ မင်းတပည့်လေးတွေ စာမေးပွဲမဖြေနိုင်မှာကို စိုးရိမ်နေလိုက်တာ။ မင်းလိုဆရာမမျိုး ငါတစ်ခါမှ မတွေ့ဖူးခဲ့ဘူးကွာ"

"ဟီး ဟီး"

ထိုနေ့ကလေးသည် ဤကမ္ဘာလောကကြီး၌ ဆရာဟူသော မေတ္တာရေစီးသံများနှင့်အတူ ဆရာဂုဏ်ပြုတေးတစ်ပုဒ်ကို ဖော်ကျူးဖွင့်ဆိုနေမည်မှာတော့ အမှန်ပင်ဖြစ်ပေတော့သည်။

## မွေးနေ့မဟာ မင်္ဂလာ

\- ရတနာပုံ ဂုဏ်သတင်း
ထင်လင်းလို့ တောက်ပစွာ၊
ပြည်သူကို လင်းရောင်ပေး
သိရှင်းစေတာ၊
သတင်းတို့ ဝေဝေဆာ
ကဏ္ဍမှာ စုံလင်လှ၊
အရောင်အသွေး အစုံစုံနဲ့
ဗဟုသုတ အဖုံဖုံနဲ့
ခုံမင်စရာပဲ့။

\- ရတနာပုံ ဂုဏ်သတင်း
ထုံသင်းလို့ မွှေးပျံ့ကာ၊
ပြည်သူတွေ လူအများ
အားထားရတာ၊
သတင်းတို့ လျင်မြန်စွာ
မှန်ကန်မှု အလေးထား၊
ဘယ်ခါမဆို ချိန်တစ်ပြေးညီပေ့ါ
ဘယ်အရာမဆို ချိန်မှန်လေးချီလို့
ပီပြင်ဝင့်ကြွား။

\- ရတနာပုံ ဂုဏ်သတင်း
ဝင်းပလို့ လှရောင်စဉ်၊
ပြည်သူတွေ ကြိုက်နှစ်သက်
နှစ်မက်ကြပင်၊
တစ်ရက်နေ့ မေလတွင်
မွေးနေ့မဟာ မင်္ဂလာမို့၊
တစ်နှစ်မှာ သည်တစ်ရက်သာပေါ့
ချစ်စရာ ကြည်မက်စရာမို့
ဆက်ဆက်ကြိုစို့။

\- ရတနာပုံ မြတ်မွေးနေ့
ကြုံဆုံတွေ့ သည်ရက်မဟာ၊
မွေးနေ့မှာ ဆုမွန်ကောင်း
တောင်းပေးရမှာ၊
နှစ်အသက်တို့ ရှည်ရှည်ကြာ
စာပေမှာ တင့်ဝေကြော့၊
ကျန်းမာကာ လန်းရွှင်ပါစေလို့
လန်းဖြာကာ အပန်းမတင်ပြေစေဖို့
ဆုခြွေတယ်နော့။

\- မွေးနေ့မဟာ မင်္ဂလာရက်
စဉ်လာမပျက် မင်္ဂလာဝေ၊
သည်နေ့မဟာ မင်္ဂလာတိုး
ဝေဖြိုးဖြာနေ၊
မင်္ဂလာတို့ ထုံစည်ဝေ
သည်မှလေ နောင်အရှည်ထိ၊
ကျက်သရေ လက်ဝေကာ အခါခါဝင်းပါလို့
တက်နေပမာ ဆက်လေရာ အဖြာဖြာလင်းပါလို့
ဆင်းမင်္ဂလာအိ။ ။

**ပြေအေးသက်**

# အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် မေ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ နေ့စဉ် ၈ နာရီအလုပ်လုပ်ရန်၊ ၈ နာရီ အပန်းဖြေရန်နှင့် ၈ နာရီအနားယူခွင့်ရရှိရန်တောင်းဆိုသည့် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုမှစတင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏ အလုပ်သမားကြီးများသည် မိသားစုနှင့်အတူအေးချမ်းပျော်ရွှင်စွာဖြတ်သန်းခွင့် ရရှိကြမည်ဖြစ်သည်။

**တောင်းဆိုခဲ့ရ**

လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမား အလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ်နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သောလုပ်ခလစာမရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်နှစ်ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန်လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူလိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့်ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ ပြုလုပ်သည့် အမေရိကန်အလုပ်သမားများအဖွဲ့ချုပ်ညီလာခံ၌ အလုပ်သမားများက တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုသို့တောင်းဆိုမှုများကြောင့် ၁၈၈၉ ခုနှစ် မေ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟု သတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ် မေ ၁ ရက် မှစတင်၍ နှစ်စဉ်မေ ၁ ရက်တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်အလုပ်သမားနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့တွင် တရားဝင်ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏအလုပ်သမားကြီးများသည် လုပ်ငန်းခွင်ဝင်ရန်မလိုဘဲ အနားရသော်လည်း လုပ်ခလစာအပြည့်အဝရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည် ရသင့်ရထိုက်သောအခွင့်အရေးများ အပြည့်အဝရရှိနေကြပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ဖွဲ့စည်းထားရှိ**

အလုပ်သမားများကို တန်ဖိုးထားသောအားဖြင့် ၁၉၁၉ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (International Labour Organization-ILO)ကို ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိအလုပ်သမားတို့၏ဘဝနှင့် လုပ်ငန်းခွင်တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေ ၁၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO)သို့ ဝင်ရောက်ခဲ့သည်။

ILO ၏ရည်ရွယ်ချက်မှာ အလုပ်သမားတို့၏ အလုပ်ချိန်သတ်မှတ်မှု၊ အလုပ်သမားရရှိရေးနှင့် အလုပ်လက်မဲ့မပေါ်ပေါက်ရေး၊ အလျဉ်မီလစာနှုန်းထားသတ်မှတ်ရေး၊ လုပ်ငန်းခွင်ကြောင့် ရောဂါအနာတရမဖြစ်ပွားရေး၊ ကလေးသူငယ်များကို အလုပ်သမားအဖြစ်စေခိုင်းခြင်းမှ အကာအကွယ်ပေးရေး၊ လူငယ်အလုပ်သမား၊ အမျိုးသမီးအလုပ်သမားများကိုအကာအကွယ်ပေးရေး၊ သက်ကြီးပံ့ပိုးကြေးနှင့် အနာတရဖြစ်သူပံ့ပိုးကြေးပေးရေး၊ တိုင်းတစ်ပါး၌ အလုပ်လုပ်ရသူများအတွက် အကာအကွယ်ပေးရေး၊ အလုပ်တူလုပ်ရလျှင် လုပ်ခတူရရေး၊ အလုပ်သမားအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ရရေး၊ အလုပ်ခွင်သင်တန်းများနှင့် နည်းပညာသင်တန်းများပေးရေးတို့ပင်ဖြစ်သည်။

**❖နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှု၊ အရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများအကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ❖**

**ကာယ၊ ဉာဏအလုပ်သမားကြီးများ**

စင်စစ်အားဖြင့် ကာယ၊ ဉာဏအလုပ်သမားကြီးများသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိကြသည်။ ထိုအလုပ်သမားကြီးများကို အတန်းအစားနှစ်မျိုးခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသောဉာဏလုပ်သားနှင့် ခန္ဓာကိုယ်ကိုအရင်းအနှီးပြု၍ ရုန်းကန်နေကြရသော ကာယလုပ်သားတို့ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေးအခြေအနေအရ လှေထိုး၊ လှတိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ကာယလုပ်သားများစွာလည်း ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ထားရှိသည့် စေတနာအင်အားအပေါ်မူတည်၍ ဆင်းရဲ၊ ချမ်းသာ ကွာဟသွားကြသည်။

**အလေးထားဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှု၊ အရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ဉာဏအားဖြင့်အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများအကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့်အလုပ်သမားများကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့်အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များ ရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ ၂၀၂၄ ခုနှစ် မေ ၁ ရက်ထိ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့ကိုလည်း ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ၎င်းအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မေ ၁ ရက် ထိ အလုပ်သမားဆေးရုံကြီးသုံးခု၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀ ၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း ၆၄ ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးတို့ဖြင့် အာမခံအလုပ်သမားများကို ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားကြီးများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်**

အမှန်တော့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အလုပ်သမားများအရေးကို အထူးအလေးထားကာ အလုပ်သမားများအခွင့်အရေးအပြည့်အဝရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အချင်းပြည့်ဝသောလုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများကြား ဖြစ်ပွားသော အငြင်းပွားမှုများကို တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ခဲ့ပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်လျှင်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်ပရောက်အလုပ်သမားများအရေးနှင့်စပ်လျဉ်း၍လည်း ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများခွင့်ပြု၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ခွင့်ပြုပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခကြုံတွေ့နေရသူများကို သက်ဆိုင်ရာ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိသည်။

**အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးကြပါစို့**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘွဲ့ရပညာတတ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ သို့သော် အချို့သောလူငယ်များသည် ပြည်တွင်း၌ထိုက်သင့်သော လုပ်ခလစာမရရှိသောကြောင့် ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြရသည်။ အချို့သော အလုပ်သမားများသည် နည်းလမ်းပေါင်းစုံဖြင့် ပြည်ပနိုင်ငံများသို့ထွက်ခွာပြီး အလုပ်အကိုင်ရှာဖွေကြရသည်။ တရားဝင်လမ်းကြောင်းမှ သွားသော လူငယ်များသည် ထိုက်သင့်သောလုပ်ခလစာရရှိကြသည်။ သို့သော် တရားမဝင်သွားရောက်ကြသည့် အချို့သောအလုပ်သမားများသည် အလုပ်ရှင်များ၏ခေါင်းပုံဖြတ်မှုကိုခံကြရသည်။ အချို့သော အမျိုးသမီးငယ်များသည် လူမှောင်ခိုများနှင့်ကုပ်သွေးစုပ်သူများ၏ လက်ချက်ကြောင့် ဘဝပင်ပျက်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏စွမ်းအားများဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဖော်ဆောင်ပေးသင့်ပေသည်။

ဆိုရလျှင် နှစ်စဉ် မေ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကာယ၊ ဉာဏအလုပ်သမားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သော လုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ သို့မှသာလျှင် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝမြင့်မားလာမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# ဝက်လက်မြို့နယ်တွင် ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိ



**ဝက်လက် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၅၉၈၈ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောကုလားပဲခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၅၉၈၈ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းထံမှ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၇၆၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၄၅၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး နှမ်းစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့၊ သွင်းအားစုတွေ မှန်မှန်ကန်ကန်သုံးစွဲကြဖို့စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများသီးနှံဝင်ငွေတိုးပွားစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဧပြီ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိုက်ခါးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လိုက်ခါးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၉၀ ကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ချောက်မြို့နယ် ဆူးတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဧပြီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆူးတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ဆူးတပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ အတွက် ငွေကျပ် ၂၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ်၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးအတွက် ငွေကျပ် ၅၀ ဒသမ ၉သန်း ထုတ်ချေးပေးထားကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆင်ပေါင်ဝဲ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ဆောင်စမ်းကျေးရွာအုပ်စု စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စည်ပင်လှကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ချက်များအတိုင်း အမှန်တကယ်လုပ်ငန်းများဆောင်ရွက်မှု ရှိ၊ မရှိ၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စည်ပင်လှကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



# မတ်ပဲကို နည်းစနစ်မှန်ကန်စွာစိုက်ပျိုးပြီး ပြည်ပဝင်ငွေရှာဖွေကြပါစို့

ကံကော်ဖြူ



အောင်မြင်ဖြစ်ထွန်းနေသည့် မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

မတ်ပဲသည် မြန်မာနိုင်ငံ၏ အရေးကြီးသည့် ဆောင်းသီးနှံတစ်ခုဖြစ်သည်။ မတ်ပဲကို အောက်မြန်မာပြည်တွင် စပါးရိတ်သိမ်းပြီး သီးထပ်သီးနှံအဖြစ်လည်းကောင်း မြစ်ရေကျချိန်တွင် ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးကြသည်။ အထက်မြန်မာပြည်ဒေသဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံအဖြစ်စိုက်ပျိုးသည်။ မတ်ပဲစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းကို အောက်မြန်မာပြည်တွင်စိုက်ပျိုးပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ မတ်ပဲကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရောင်းချရန် စိုက်ပျိုးသည်။ မတ်ပဲသည် ပြည်ပဝယ်လိုအားများသည့်သီးနှံဖြစ်သည်။

မတ်ပဲ၏ဇာစ်မြစ်ဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးသည့် ဒေသထွက်ကုန်သီးနှံတစ်မျိုးဖြစ်သည်။ မတ်ပဲသီးနှံ၏ အင်္ဂလိပ်အမည်မှာ Blackgram ဖြစ်ပြီး သိပ္ပံအမည်မှာ Vigna mungo(L) Hepper၊ သိပ္ပံခွဲအမည်မှာ Phaseolus mungo L ဖြစ်သည်။ မတ်ပဲသီးနှံကို ပြည်တွင်း၌ စားသုံးမှုအနေဖြင့် ပဲပင်ပေါက်၍လည်းကောင်း၊ ကြော်၍လည်းကောင်း စားသုံးကြသည့်အပြင် ပြည်ပသို့ အဓိကတင်ပို့ရောင်းချရန်အတွက် စိုက်ပျိုးထုတ်လုပ်သည်။

**ရာသီဥတုနှင့် မြေအမျိုးအစား**

မတ်ပဲသည် အပူပိုင်းနှင့် သမပိုင်းရာသီဥတုများတွင် ကောင်းစွာဖြစ်ထွန်းသည်။ နေရောင်ခြည်ကောင်းစွာရရှိ၍ အပူချိန်၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်ကြားရှိသည့်ဒေသများတွင် စိုက်ပျိုးကြသည်။ မတ်ပဲသည် မိုးနည်းသည့်ဒဏ်ကို အတန်အသင့်ခံနိုင်ပြီး နှစ်စဉ်မိုးရေချိန် ၃၆ လက်မအောက်ရှိသောဒေသများတွင် စိုက်ပျိုးနိုင်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၆၀၀၀ ထိ စိုက်နိုင်သည်။ မတ်ပဲကို အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် စိုက်ပျိုးသည်။ ပင်တည်းဝတ်မှုန်ကူးသည့် အပင်မျိုးဖြစ်သည်။ မိုးရေချိန်၊ အပူချိန်များအရ မြန်မာနိုင်ငံမြေပြန့်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသတို့တွင် မတ်ပဲကို မိုးနှင့်ဆောင်းရာသီတွင်သာစိုက်ပျိုးပြီး ဆောင်းနှင့်နွေရာသီတွင် ရိတ်သိမ်းရန် အသင့်တော်ဆုံးဖြစ်သည်။

မတ်ပဲစိုက်ပျိုးမည့်မြေသည် မြေသားနု၍ ရေမဝပ်သောမြေကို ရွေးချယ်သင့်သည်။ စနယ်မြေစေးမျိုးကိုကြိုက်နှစ်သက်၍ အသင့်တော်ဆုံးအထွက်နှုန်းရရှိနိုင်သည်။ မြေနီ သို့မဟုတ် သဲမြေ၊ စပါးစိုက်ပျိုးနိုင်သည့်လယ်မြေမျိုးတွင်လည်း စိုက်ပျိုးနိုင်သည်။ မတ်ပဲကို စပါးပြီးလယ်မြေနှင့် မြစ်ရေကျပြီးနုန်းမြေတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ဖွယ်သောမြေ၊ ရေဆင်းကောင်းသောမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် မြေစေးများနှင့် နုန်းမြေများတွင်စိုက်ပျိုးမှုများသည်။ အချဉ်ကဲသောမြေ၊ အငန်ကဲသောမြေ၊ ဆားပေါက်မြေနှင့် ထုံးဓာတ်ကဲသည့်မြေတို့တွင် မစိုက်ပျိုးသင့်ပါ။ အသင့်တော်ဆုံးမြေချဉ်ငန်ဓာတ်မှာ PH ၅ ဒသမ ၈ မှ PH ၆ ဒသမ ၅ ဖြစ်သည်။ မြေချဉ်ငန်ဓာတ် PH ၅ ဒသမ ၅ ထက်လျော့နည်းပါက အပင်ဖြစ်ထွန်းမှုအားနည်းသည်။

**မျိုးကောင်းမျိုးသန့်များကိုစိုက်ပျိုး**

တောင်သူအများဆုံးစိုက်ပျိုးလျက်ရှိသော မျိုးများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထောက်ခံထားသည့် မျိုးကောင်းမျိုးသန့်များနှင့် ဒေသထွက်မျိုးများကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သတ်မှတ်ပေးထားသော ရေဆင်း-၂ သည် စိုက်သက်ရက် ၇၀ နှင့် ၇၅ ရက်ကြားရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့၊ အနောက်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်(မိုးနှောင်းပိုင်း) စိုက်ပျိုးကြသည်။ ရေဆင်း- ၄ သည် စိုက်သက်ရက် ၆၀ နှင့် ၆၅ ရက်ကြားရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ရေဆင်း-၆ သည် စိုက်သက်ရက် ၉၀ နှင့် ၉၅ ရက်ကြားရှိပြီး မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ပုလဲထွန်းသည် စိုက်သက်ရက် ၉၀ နှင့် ၉၅ ရက်ကြားရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း၊ မင်းလှလုံးကြီး၊ မိုးညိုလုံးကြီး၊ ဟင်္သာတလုံးကြီး၊ မင်းလှထွန်းစသည့်မတ်ပဲမျိုးတို့သည် စိုက်သက်ရက် ၈၃ ရက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့တွင် အများဆုံးစိုက်ပျိုးကြသည်။

**စိုက်ပျိုးခြင်း၊ ပိုးမွှားအန္တရာယ်ကာကွယ်ခြင်းနှင့် ရိတ်သိမ်းခြင်း**

မတ်ပဲကို အများအားဖြင့် စပါးသီးထပ် သို့မဟုတ် ရေလိုက်ကြဲပက်စိုက်ပျိုးခြင်း၊ အတန်းလိုက်စိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးလေ့ရှိသည်။ အတန်းလိုက်စိုက်ပျိုးခြင်းသည် အထွက်နှုန်းပိုမိုကောင်းမွန်စေသည်။ မတ်ပဲကို အစိုဓာတ်ကောင်းကောင်းနှင့် စောစောအပင်ပေါက်ရစေရန် ရေလိုက်ကြဲစနစ်၊ ခေါင်းခုတ်ဖုန်းစနစ်၊ ထွန်ရေဖြင့်စိုက်သောစနစ်တို့ဖြင့် စိုက်ပျိုးလေ့ရှိသည်။ ကြဲခင်းများတွင် တစ်ဧကလျှင် မျိုးစေ့ ၁၀ ပြည်မှ ၁၂ ပြည်နှုန်းအသုံးပြုနိုင်ပြီး စိုက်ခင်းများတွင် မတ်ပဲမျိုးစေ့ ခြောက်ပြည်မှ ရှစ်ပြည်နှုန်းအသုံးပြုနိုင်သည်။ မြေအစိုဓာတ်နည်းလျှင် မျိုးစေ့များကို တစ်ညရေစိမ်ပြီးမှ စိုက်ပျိုးပေးပါ။ မတ်ပဲမျိုးစေ့များကို နာရီဝက်ခန့်ရေစိမ်ပြီး ပဲမြစ်ဖုဇီဝမြေဩဇာတစ်ထုပ်နှင့်သမအောင် ရောမွှေစိုက်ပါ။ အပင်အစိပ်အကျဲညီအောင် မျိုးစေ့ကိုနှစ်လွှာကြဲပါ။ ကြဲပြီးပြီးချင်း ကြမ်းဖြင့် နှစ်ပြန်အုပ်ပေးပါက အစိုဓာတ်လုံလောက်စွာရရှိ၍ အပင်ပေါက်ညီညာပြီး လိုအပ်သောအပင်ရေရရှိနိုင်သည်။ အတန်းလိုက်စိုက်မည်ဆိုပါက စိုက်ကြောင်းပေး၊ မျိုးစေ့ချပြီး ကြမ်းပြန်အုပ်ပေးရပါမည်။ ကြဲပတ်မည်ဆိုပါက ညနေပိုင်းတွင် ကြဲပတ်ရန်သင့်တော်ပြီး အချိုးအစားညီအောင်ကြဲပတ်ရန် လိုအပ်သည်။ အပင်သို့ခြင်းနှင့် အခြားရောဂါများ မကျရောက်အောင် မျိုးစေ့ကို မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်၍စိုက်ပျိုးပါ။ အပင်ပေါက်ညီညာ၍ အပင်ပေါက်ကောင်းအောင် ထယ်ရေးအောက် မျိုးစေ့ကို ၁ ဒသမ ၂ လက်မအတွင်း စိုက်ပျိုးပါ။ မျိုးစေ့ချကိရိယာကိုလည်း အသုံးပြုနိုင်သည်။ တစ်ဧကအပင်အရေအတွက် ၁၃၀၀၀၀ ခန့် ရရှိရန် လိုအပ်သည်။

စိုက်ပြီး ၁၀ ရက်နှင့် ၁၅ ရက် အပင်ငယ်စဉ် လေ့း၊ ကျိုင်း၊ ပိုးမွှား၊ ပင့်ကူနီ၊ ပင်စည်ထိုးယင်တို့ရန်မှ ကာကွယ်ရန် ပင်လုံးပြန့်သတ္တိရှိသော ဆေးတစ်မျိုးမျိုးကို တစ်ဧကလျှင် သတ်မှတ်နှုန်းအတိုင်းဖျန်းပါ။ ညှိုးသေရောဂါကာကွယ်ရန် မှိုသတ်ဆေးတစ်မျိုးမျိုး ဖျန်းပါ။ ပေါင်းမြက်ကင်းစင်အောင် စတင်ဆောင်ရွက်ပါ။ ၁၅ ရက်မှ ၂၅ရက်ကြားတွင် ပဲပင်များကြီးထွားသန်မာဖြစ်ထွန်းရန် NPK နှင့် အနည်းလိုအာဟာရဓာတ်များပါဝင်သော ရွက်ဖြန်းမြေဩဇာများတွင် နိုက်ထရိုဂျင်အချိုးများသည့် သင့်တော်သောရွက်ဖြန်းမြေဩဇာတစ်မျိုးမျိုးကို ၁၅ ရက်ခြား၍ နှစ်ကြိမ်ပက်ဖျန်းပါ။ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ သီးကိုင်းဖူးလေးများ စတင်နိုးကြားလာသည်။ ထိုအချိန်တွင် အစိုဓာတ်မပျက်ရန်၊ အာဟာရဓာတ်မချို့တဲ့ရန်နှင့် ပိုးမွှားရောဂါမကျရောက်ရန် ဂရုပြုရမည်ဖြစ်သည်။ ၃၅ ရက်ခန့်တွင် ကိုင်းဖျားပန်းဖူးလေးများဖြစ်ပေါ်လာသည်။ ပန်းဖူးပေါ်ပြီး တစ်ပတ်အကြာ ပန်းစပွင့်သည်။ ၄၅ ရက်သားမှ ၆၀ ရက်သားအတွင်း ပန်းဖြိုင်ဖြိုင်ပွင့်၍ ပွင့်အားကောင်းအသီးတောင့်များရန် NPK အချိုးပါသော ရွက်ဖြန်းမြေဩဇာများတွင် ဖော့စဖရတ်နှင့် ပိုတက်စီယမ်ရာခိုင်နှုန်းများသော သီးပွင့်ရွက်ဖျန်းမြေဩဇာများကို ၁၅ ရက်ခြား၍ နှစ်ကြိမ်ဖျန်းသင့်သည်။ သီးနှံသက်တမ်းတစ်လျှောက်လုံး ပင်ညှိုးရောဂါ၊ ဖားဥမှိုရောဂါ၊ သံချေးရောဂါ၊ ဆာကိုစပိုးရားရွက်ပြောက်ရောဂါ၊ မှည့်ပြောက်စွန်းရောဂါ၊ ဗိုင်းရပ်မိုစေ့ရောဂါစသည့် ရောဂါများကျရောက်တတ်၍ မှိုသတ်ဆေးများမှ ရောဂါနှင့်သင့်တော်သည့် ဆေးတစ်မျိုးမျိုးကို ၁၅ ရက်တစ်ကြိမ် အလှည့်ကျ လေးကြိမ်ဖျန်းပါ။ အစေ့အဆန်တည်ချိန်ဖြစ်၍ သီးလုံးဖောက်ပိုးနှင့် ထိပ်ပုပ်ရောဂါကို ဂရုပြုသင့်သည်။

၆၀ ရက်သား မှ ၇၀ ရက်သားအတွင်း ပဲတောင့်၌ ပဲစေ့လေးများဖြစ်ပေါ်လာသည်။ ပဲစေ့လေးများ ပြည့်တင်းကြီးထွားချိန်ဖြစ်၍ တစ်ပင်လုံးချက်လုပ်သောအစာ၏ ၆၀ ရာခိုင်နှုန်းကို အစေ့အောင်မြင်ရန် အသုံးချရ၍ အစာအလိုအပ်ဆုံးဖြစ်သည်။ ထိုအချိန်တွင် အစာချက်နှုန်းကောင်းရန် အရွက်များစိမ်းစိုကျန်းမာနေရန် အရေးကြီးသည်။ အာဟာရနှင့် အစိုဓာတ်မပျက်ရန် အရေးကြီးသည်။ စိုက်ပျိုးသည့် မတ်ပဲမျိုးနှင့် ပတ်ဝန်းကျင်ရာသီဥတု ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်မူတည်၍ ၇၅ ရက်မှ ရက် ၁၁၀ အတွင်း ရင့်မှည့်လေ့ရှိကြသည်။ အရွက်များအဝါရောင်ပြောင်းပြီး ၉၀ ရာခိုင်နှုန်းသောသီးတောင့်များသည် အနက်ရောင်ပြောင်းလဲသွားလျှင် ရိတ်သိမ်းရမည်။ အပင်ကိုလက်ဖြင့်နှုတ်၍လည်းကောင်း၊ တံစဉ်နှင့်ဖြတ်၍လည်းကောင်း၊ စိုက်ခင်းတွင် တစ်ရက်ခံအခြောက်လှန်းရမည်။ ထွန်စက် သို့မဟုတ် ခြွေလှေ့စက်ဖြင့် ခြွေနိုင်သည်။ ခြွေပြီးသောအစေ့များကို ရွေးချယ်သန့်စင်ခြင်းဆောင်ရွက်ပါ။ ထို့နောက် နှစ်နေ၊ သုံးနေလှမ်း၍ အစိုဓာတ်ရှစ်ရာခိုင်နှုန်း သို့မဟုတ် ကိုးရာခိုင်နှုန်းတွင် သိုလှောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်ပဝယ်လိုအားကောင်းမွန်ပြီး ဈေးကောင်းရရှိသော အစေ့ထုတ်ပြောင်း၊ မတ်ပဲစသည့်လယ်ယာထွက်ကုန်သီးနှံများနှင့် ရေထွက်ကုန်ပစ္စည်းများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့လျက်ရှိရာ ထုတ်လုပ်သူနှင့် ဝယ်လိုအား၊ ရောင်းလိုအားကွင်းဆက်တစ်လျှောက် ပတ်သက်သူများကို အကျိုးအမြတ်ရကြသည့်အပြင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် မိမိဒေသ၊ ရာသီဥတု၊ မြေအနေအထားနှင့်ကိုက်ညီသည့် မတ်ပဲသီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးပြီး အထွက်တိုးအောင် စိုက်ပျိုးထုတ်လုပ်ပါက ဒေသခံတောင်သူများ၏ဝင်ငွေတိုးမည်ဖြစ်ပြီး နိုင်ငံတော်၏ ပြည်ပဝင်ငွေလည်းပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

> ❖ ပဲစေ့လေးများ ပြည့်တင်းကြီးထွားချိန်ဖြစ်၍ တစ်ပင်လုံးချက်လုပ်သောအစာ၏ ၆၀ ရာခိုင်နှုန်းကို အစေ့အောင်မြင်ရန် အသုံးချရ၍ အစာအလိုအပ်ဆုံးဖြစ်သည်။ ထိုအချိန်တွင် အစာချက်နှုန်းကောင်းရန် အရွက်များစိမ်းစိုကျန်းမာနေရန် အရေးကြီးသည်။ အာဟာရနှင့် အစိုဓာတ်မပျက်ရန် အရေးကြီးသည်။ စိုက်ပျိုးသည့် မတ်ပဲမျိုးနှင့် ပတ်ဝန်းကျင်ရာသီဥတု ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်မူတည်၍ ၇၅ ရက်မှ ရက် ၁၁၀ အတွင်း ရင့်မှည့်လေ့ရှိကြသည်။ အရွက်များအဝါရောင်ပြောင်းပြီး ၉၀ ရာခိုင်နှုန်းသော သီးတောင့်များသည် အနက်ရောင်ပြောင်းလဲသွားလျှင် ရိတ်သိမ်းရမည်။ ❖

# ဆီမီးခွက်အက

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ဆီမီးခွက်အကကိုတွေ့ရစဉ်

မြေခွက်ငယ်အတွင်း ဆီနှင့်ရက်ကန်းစင်မှ မြိတ်စများကိုထည့်၍ မီးထွန်းညှိထားသည့် ခွက်ငယ်ကို ဆီမီးခွက်ဟုခေါ်သည်။ ထိုဆီမီးခွက်ကို လက်ဖဝါး တစ်ဖက်တစ်ချက်ပေါ်တွင်တင်၍ ကပြခြင်းကို ဆီမီးခွက်အကဟုခေါ်လေသည်။ မြန်မာတို့၏ဆီမီးခွက်မှာ အချင်းနှစ်လက်မခန့်ရှိသော မြေခွက်ငယ်ကလေးထဲ၌ မြေပဲဆီသို့မဟုတ် နှမ်းဆီအနည်းငယ်နှင့် ဂွမ်းလိပ်ငယ်သို့မဟုတ် ရက်ကန်းမြိတ်အစကို မီးညှိထားသည့် ခွက်ဖြစ်သည်။ ယခုခေတ်၌ ထိုနည်းကိုအသုံးမပြုတော့ဘဲ ဖယောင်းတိုင်အတိုကလေးများကို ခွက်ငယ်ကလေးများပေါ်၌ ထွန်းညှိကာ ကပြကြသည်။ လက်အကွေးအဆန့်၊ အပင့်အလျှို၊ အလှည့်အပြောင်းတို့ဖြင့် အကပညာပြသည့် ဤအကသည် ကုန်းဘောင်ခေတ်ဦးက စတင်ခေတ်စားလာသည်ဟု ပညာရှင်တို့က ခန့်မှန်းကြသည်။ ကုန်းဘောင်ခေတ် ယိုးဒယားအကပညာများမှ ကောင်းနိုးရာရာ ရွေးချယ်လျက် ကကြိုး၊ ကကွက်၊ ကဟန်တို့ကို မြန်မာအကဖြင့် မွမ်းမံလိမ်းကျံကာ၊ မြန်မာ့အခြေခံအကမျိုးတွင် အသုံးပြုနေကျ လက်နှစ်ဖက်၏ အထားအသို၊ အကွေးအဆန့်၊ အလှည့်အဖယ်၊ ပရိယာယ် အသွယ်သွယ် ကြွယ်ဝစွာဖြင့် မီးထွန်းညှိထားသော ဆီမီးခွက်ကို စနစ်တကျဦးစွာ ကပြလေ့ကျင့်စေရသည်။

ဆီမီးခွက်အက၏ မူလအစမှာ တာဝတိံသာ နတ်ပြည်၌ရှိသော စူဠာမဏိစေတီ၊ ဗြဟ္မာပြည်၌ရှိသော ဒုဿစေတီ၊ ထိုစေတီပုထိုးတော်တို့ကို ဥပမာနာသော စေတီနှစ်ဆူကို မှန်းဆလျက် နန်းတွင်းရင်ပြင်၌ ဆင်ယင်ကျင်းပသည့် သီတင်းကျွတ် ဆီမီးမြင်းမိုရ်ပွဲများ၏ မီးပူဇော်ပွဲပင်ဖြစ်သည်။ ထို့ပြင် မြန်မာလူမျိုးများသည် ဘုရားပုထိုးစေတီတို့အား ဆီမီးပူဇော်သော ဓလေ့မှာ ရှေးရှေးကာလများကတည်းက ရှိခဲ့ကြသည်။ ဆီမီးအကကို အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် ထိုင်းတို့တွင်လည်း တွေ့ရသည်။ ယဉ်ကျေးမှုရွေ့လျားခြင်းသဘောအရ ဆီမီးအကသည် အိန္ဒိယမှ ပြန့်ပွားလာဟန်လည်းရှိသည်။ ကပြသည့်ပုံသဏ္ဌာန်မှာ လူမျိုးအလိုက် ကွဲပြားကြသော်လည်း အခြေခံမူမှာ လွန်စွာမကွာခြားလှချေ။ ဆီမီးခွက်ကို လက်ပေါ်တင်၍လည်းကောင်း၊ ခေါင်းပေါ်တင်၍လည်းကောင်း ကပြ ကြစေကာမူ ဖြည်းညှင်းစွာဖြင့် ပြောင်းရွှေ့လှုပ်ရှားခြင်းမှာ တစ်နေရာနှင့်တစ်နေရာ တူညီကြသည်။ တေးသွားများ ငြိမ့်ညောင်းနေခြင်းမှာလည်း တူညီကြသည်။ ခြေထားပုံ၊ ရွှေ့ပုံ၊ ခေါင်းငဲ့ပုံ၊ စောင်းပုံနှင့် ခါးနွဲ့ပုံများမှာ လူမျိုးအလိုက် မတူညီကြချေ။

အိန္ဒိယယဉ်ကျေးမှုနှင့်နီးစပ်သော ပုဂံခေတ်ဝယ် ဆီမီးအက မထွန်းကားခဲ့သေးဘဲ ကုန်းဘောင်ခေတ်ရောက်မှသာ ဆီမီးအက ထွန်းကားလာခဲ့သည်။ ထွန်းကားလာသည့် ဆီမီးအကသည် ဆင်ဖြူရှင်၏ ကျေးဇူးနှင့် ယိုးဒယားဟန် ပါလာခဲ့တော့သည်။ ဆင်ဖြူရှင်မင်းသည် ယိုးဒယားပြည်ကို အောင်နိုင်သဖြင့် မင်းဆွေမင်းမျိုးသာမက အနုပညာနှင့် ပတ်သက်သည့် ပညာရှင်အမျိုးမျိုးကိုပါ ခေါ်ဆောင်လာရာမှ ဤအကျိုးတရားကို ရရှိခြင်းဖြစ်သည်။ ယိုးဒယားကကြိုး၊ ကကွက်များ ကပြရာ၌ အတိအကျရစေကာမူ မြန်မာဟန်များ ရောနှောပေါင်းစပ်လိုက်ခြင်းဖြင့် မြန်မာဆီမီးခွက်အကသည် ဖြစ်တည်လာရတော့သည်။ သဘင်ဝန်ဦးနုက သူ၏ မြန်မာ့သဘင်လောကစာအုပ်တွင် ပုဆိုးအကျီဆင်တူ၊ ဖော့လုံးသျှောင်ထုံးဆင်၍ ဖယောင်းတိုင်ကို ဆီမီးခွက်အလယ်တွင်စိုက်ကာ မီးညှိပြီးလျှင် လက်ဖဝါးနှစ်ဖက်ပေါ်တင်လျက် ယိမ်းကသကဲ့သို့ ညီညာစွာ လက်အနေအထား အမျိုးမျိုး ကွေးကောက်လိမ်ဖယ် ကပြသော်လည်း မီးမသေရ၊ မီးခွက်မကျမလဲစေရ၊ ဖယောင်းတိုင်သည် အမြဲထောင်နေစေခြင်း၊ ခြေနင်း၊ ခြေယူယိုးဒယားဟန် မပျက်စေခြင်း စသည်ဖြင့် ဖော်ပြထားလေသည်။ ဖော်ပြချက်အရ ဆီမီးခွက်ယိမ်းဟူသည် ရှိခဲ့ပြီး ယင်းကို အမျိုးသားများ ကပြခဲ့ကြောင်း သိရသည်။

ဆီမီးအကကို မကမီ ကပြမည့်ပုံဟန်ဖြင့် ရှေးဦးစွာ လေ့ကျင့်ကပြကြရသည်။ လေ့ကျင့်ကပြခြင်းဖြင့် ဆီမီးခွက်တိမ်းစောင်း၍ မှောက်မကျစေရန်ရည်ရွယ်ခြင်းဖြစ်သည်။ လက်ဖဝါးပေါ်တွင် ဆီမီးခွက်ရှိနေသည်ဟု စိတ်ကအောက်မေ့လျက် လေ့ကျင့်ရသည်။ ကပြသူ၏ လက်ချောင်းကလေးများမှာ မည်သို့မျှ လှုပ်ရှား၍မရသဖြင့် ကိုယ်နေဟန်ထားကိုသာ လှပအောင် ကပြကြသည်။ ခြေထောက်ကို လှပအောင် ပြောင်းရွှေ့လှုပ်ရှားခြင်း၊ ခါးကို ဘယ်ပြောင်းညာနွဲ့၍ လှုပ်ရှားခြင်း၊ တံတောင်ဆစ်နှင့်လက်ကောက်ဝတ်တို့ကိုသာ အဓိကထား၍ လှုပ်ရှားခြင်းဖြင့် ကပြရသည်။ ဆီမီးကပြမည့်သူ၏ လက်ဖဝါးသည် ခေါင်းပေါ်သို့လည်းကောင်း၊ လက်တစ်ဖက်သည် ခါးပိုင်း၌ရှိ၍ ကျန်တစ်ဖက်မှာ ခေါင်းအထက်၌လည်းကောင်း ရှိနေတတ်သည်။ တစ်ခါတစ်ရံ ချိုင်းအောက်မှ လည်၍ထွက်လာပြီး မျက်နှာရှေ့မှ ဖြတ်သန်းလျက် သွားတတ်သည်။ တစ်ခါတစ်ရံ ငှက်များပျံသန်းနေသည့်ပုံဟန်ဖြင့်လည်း မြင်တွေ့ရတတ်သည်။ တစ်ခါတစ်ရံကန်တော့ပွဲမြှောက်၍ ကနေသည့် သဏ္ဌာန်ကဲ့သို့လည်း ကတတ်ကြသည်။ လက်ကောက်ဝတ်ကို ကျင်လည်စွာမလှည့်နိုင်ပါက ဆီမီးအကကို မကပြနိုင်ပါချေ။ လက်ဖဝါးသည် မည်သို့ပင်ကပြစေကာမူ အမြဲတမ်းပက်လက်ရှိနေရသည်။လက်ဖဝါးဤသို့ ပက်လက်ရှိနေစေရန် လက်ကောက်ဝတ်မှ လှည့်ကာပတ်ကာ ပြုလုပ်လျက်ပေးနေရသည်။ ခြေနှင့်ခါးမှာ လက်ကောက်ဝတ်နှင့် တံတောင်ဆစ်တို့၏ အလှည့်အပတ်များအပေါ်၌သာ မူတည်သဖြင့် လှပအောင် လှုပ်ရှားပြောင်းရွှေ့ကြရသည်။ ဤသို့ အကြိမ်ကြိမ်အခါခါ လေ့ကျင့်ပြီး လက်ဖဝါးပေါ်တွင် ဆီမီးခွက်ကိုတင်၍ ပွဲဝင်ကပြကြသည်။

ဆီမီးခွက်ကပြပုံမှာ ကပြသူသည် ပထမဦးစွာ ဒူးထောက်၍ ထိုင်ပြီးနောက် လက်ဖဝါးနှစ်ဖက်ကို တစ်ညီတည်းဖြန့်၍ ထားကြလေသည်။ ဆီမီးခွက်ကို လက်ဖဝါးပေါ်တွင်တင်၍ တဖြည်းဖြည်းချင်း လက်ချင်းခွဲပြီးနောက်၊ လက်ကို အထက်အောက် အနေအထားပြောင်းကာ ကိုယ်ကို ဘယ်မှညာ၊ ညာမှ ဘယ်သို့တစ်ကျော့စီယိမ်းကြသည်။ ခါးကို ညွတ်လျက်၊ နွဲ့လျက်ရှိရာမှ လက်တစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်ကာ လက်တစ်ဖက်ကို ချိုင်းအောက်သို့ လျှိုသွင်းပြီး၊ လက်ဖဝါးများကို ဖြန့်လျက်အနေအထားဖြင့် တစ်ပတ်စီလည်သွားအောင် ရစ်ဝိုင်းကာ ကပြလေသည်။ ထိုသို့ ရစ်ဝိုင်းကာ ကပြနိုင်ရန် ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့ပြီးဖြစ်ကြောင်း သိနိုင်သည်။

ခေါင်းပေါ်သို့ တရွေ့ရွေ့မြှောက်သွားသည့်လက်မှာ ရစ်ဝိုင်းကာဖြင့် တစ်ပတ်ပတ်၍ ချိုင်းအောက်မှ ပြန်ထွက်လာသည့်နည်းတူ ချိုင်းအောက်သို့ လျှိုသွင်းထားသည့် လက်မှာလည်း တဖြည်းဖြည်းရစ်ကာ၊ ဝိုင်းကာဖြင့် တစ်ပတ်လည်၍သွားကာ ခေါင်းပေါ်သို့ မြှောက်တက်လာပြန်လေသည်။

လက်များကို ဘယ်ညာပြောင်းလဲ၍ကပြပြီးနောက် အရှိန်ရလာသည်နှင့်အမျှ ဒူးထောက်ကာ ခြေဖဝါးတစ်ဖက်ကိုထောင်လျက် ဘယ်ညာတစ်ကျော့စီပြောင်း၍ လက်များကွေးကာ၊ ဝိုက်ကာဖြင့် ကပြပြန်သည်။ ထို့နောက် ဒူးထောက်ထိုင်လျက်ရှိရာမှ လက်တစ်ဖက်ကို ခေါင်းပေါ်သို့မြှောက်၍ တစ်ဖက်ကို ချိုင်းအောက်သို့လျှိုကာ တဖြည်းဖြည်း ရစ်ဝိုင်းသွားရသည့်ဟန်ကို မပျက်စေဘဲ တဖြည်းဖြည်းချင်း ထလာလေသည်။ လက်ကွေးဟန်၊ ညွတ်ဟန်များကို သာမက၊ လက်ဖဝါးများကိုရစ်ဝိုက်လျက်ရှိစဉ် မီးစာမသေ ဆီတစ်စက်မဖိတ်စဉ်စေရဘဲ ခါးနွဲ့ဟန်၊ ညွတ်ဟန်ဖြင့် ခေါင်းတိမ်းဟန်၊ ငဲ့ဟန်များကိုပါ တစ်စတစ်စတက်၍ ကပြကြသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့လှုပ်ရှားပြောင်းလဲ၍ ဆီမီးခွက် မတိမ်းမစောင်းအောင် ကွေးညွတ်ကပြလာသည့်နှင့်အမျှ ကိုယ်အနေအထားနှင့် လက်အထားအသိုများမှာ မူသေဖြစ်လာဟန်ရှိ သည်ကို ရှုမြင်နိုင်ပေသည်။

ဆီမီးခွက်အကမှာ ညင်သာရသည်။ ငြိမ့်ညောင်းစေရသည်။ ဒူးထောက်ထိုင်၍လည်း ကတတ်ရသည်။ ဖင်ထိုင်၍လည်း ကတတ်ရသည်။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းလျှင် သွက်လက်စွာ မရွှေ့ပြောင်းရပေ။ ဆီမီးခွက်အကကို ယိမ်းအသွင် ကပြပါက ကပြသူများသည် တန်းပြောင်းတန်းလွဲများ ပြုလုပ်ပေးကာ ညင်သာစွာ ပြောင်းလွဲကြသည်။ တစ်ဦးချင်း ဆီမီးခွက်အကကို ဇာတ်စင်အထက်ဝယ် ကပြရာ၌ ကပြသူ၏ဦးခေါင်းအထက်မှ ကွက်ထိုးလိုက် မီးရောင်အစုအဝန်းကို ပေးကြသည်။ ဘေးမီး၊ အဝေးမီးတို့သည် အနားသတ်ပေါင်ခတ်ထားသည့် ဇာတ်စင်ကြီးကို မြင်ရရုံသာ စိတ်ထင်ဟပ်စေသည်။ ဦးခေါင်းထက်မှ မီးရောင်အစုကလည်း ကချေသည်၏ အဝတ်အစားနှင့် လိုက်ဖက်တင့်မောစေသည်။ သွန်းလောင်းပေးထားသည့် မီးရောင်အောက်ဝယ် ကပြသူ ကချေသည်မလေး၏ ရှိခိုးဦးတင် ဆီမီးခွက် အထိုင်ကန်တော့ဟန်သည် မိန်းမပျို၏အလှ၊ ဆီမီးခွက်၏ပသာဒတို့ကို ဖိတ်ကြွစေတော့သည်။ မီးညွန့်၊ မီးလျှံများနှင့် ယှက်နွယ်ပေါင်းစပ်ထားသော ကချေသည်မလေး၏ ကောက်ကြောင်းအလှသည် နွဲ့နွဲ့နှောင်းနှောင်းနှင့် လှပတင့်တယ်လျက်ရှိတော့သည်။ လက်ဖဝါးထက်ဝယ် ဝါကျင့်ကျင့်မီးရောင်လင်းလက်နေပုံကလည်း ပရိသတ်၏စိတ်ကို ရင်သပ်စေသည်။ ကချေသည်မလေး၏ လေ့ကျင့်သား ပီပြင်မှုသည် စုတ်ဖြင့်ရေးချယ်ထားသည့် ပန်းချီကားတစ်ချပ်နှယ် မက်မက်မောမောရှိစေသည်။ သူ၏ ဆီမီးအလှဆီမီးအကသည် နတ်ပြည်ခြောက်ထပ်မှ နတ်သမီးလေး ကပြအသုံးတော်ခံနေသည့်နှယ် ထင်ရစေသည်။ ဆီမီးခွက်အကသည် ထိုနှယ် ဖန်တီးချက်များဖြင့်ပိုမိုအောင်မြင်လာခဲ့ရသည်။

ဆီမီးခွက်အကသည် ကုန်းဘောင်ခေတ်၌ အခြေတည်သည်ဟု ဆိုကြငြား လက်ရှိကာလဝယ် ယင်းအက ကပြသူတို့သည် အင်းဝခေတ်ဆင်ယင်ထုံးဖွဲ့မှုနှင့် ကပြကြသည်က များသည်။ အင်းဝခေတ်ကချေသည်များ၏ပုံတွင် အကျီလက်ပွနှင့် ထဘီအနားပွကြီးများကို တွေ့ရသည်။ အင်းဝပျိုဖြူများ၏ရွှေရင်စည်းနှောင်ထားပုံများမှာ မဖုံး၏သို့ ဖုံး၏သို့ဖြင့် အမြင်ထူးစေခြင်းသည် ဆွဲဆောင်မှုပင် ဖြစ်တော့သည်။

ဆီမီးခွက်အကကို အမျိုးသမီးများသာ ကပြကြပြီး မြန်မာတိုင်းရင်းသားတို့လည်း နှစ်နှစ်ခြိုက်ခြိုက် လိုက်ပါကကြသည်။ ယဉ်ကျေးမှု ကူးလူးယှက်နွယ်မှုနှင့်အတူ စည်ပင်ဝေဖြိုးလာသည့် ဆီမီးအကသည် အမျိုးသမီးကချေသည်တစ်ဦးချင်း စွမ်းရည်ပြအကဖြစ်ပြီး တစ်ဖန် အများနှင့် တစ်သားတည်းရှိသည်ဟူသော ကြံဆချက်ဖြင့် ယိမ်းအကအဖြစ် တိုးပွားလာပြန်သည်။ သို့သော်လည်း ယိမ်းတို့၏သဘောမှာ ကကြိုးခက်သည် လွယ်သည်မှာ ပဓာနမဟုတ်ဘဲ လက်၊ ခြေ၊ ခေါင်းနှင့် ခါး အကွေးအညွတ်၊ အတိမ်းအစောင်း၊ အရွေ့အပြောင်းတို့တွင် ညီညာမှုရှိရန် အဓိကဖြစ်သဖြင့် ဆီမီးခွက်ယိမ်းအက အောင်မြင်စေရန်မှာ အချိန်ပြည့်လေ့ကျင့်နေရန် ပိုမိုလိုအပ်ပေသည်။ သို့အတွက် တစ်ကိုယ်တော် ဆီမီးခွက်အကများ ထိုးထွက်လာကြခြင်းသည် သဘာဝကျနေတော့သည်။ မည်သို့ဆိုစေ မြန်မာကုန်းဘောင်မင်းဆက်လက်ထက်တော်မှ စတင်ထွက်ပေါ်ခဲ့သည့် ရိုးရာဆီမီးခွက်အကအမျိုးအစားကို မြန်မာ့သဘင်စင်တော်ထက်တွင် ဇာတ်ခုံအတတ်ပညာရှင်များ၏ ပံ့ပိုးချက်များဖြင့် ကောင်းစွာ ဆက်လက်ထိန်းသိမ်းထားသင့်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါတော့သည်။

❖ဆီမီးခွက်ကပြပုံမှာ ကပြသူသည် ပထမဦးစွာ ဒူးထောက်၍ ထိုင်ပြီးနောက် လက်ဖဝါးနှစ်ဖက်ကိုတစ်ညီတည်းဖြန့်၍ ထားကြလေသည်။ ဆီမီးခွက်ကို လက်ဖဝါးပေါ်တွင်တင်၍ တဖြည်းဖြည်းချင်း လက်ချင်းခွဲပြီးနောက်၊ လက်ကိုအထက်အောက် အနေအထား ပြောင်းကာ ကိုယ်ကိုဘယ်မှညာ၊ ညာမှဘယ်သို့ တစ်ကျော့စီ ယိမ်းကြသည်။ ခါးကို ညွတ်လျက်၊ နွဲ့လျက်ရှိရာမှ လက်တစ်ဖက်ကို ခေါင်းပေါ်သို့မြှောက်ကာ လက်တစ်ဖက်ကိုချိုင်းအောက်သို့ လျှိုသွင်းပြီး၊ လက်ဖဝါးများကို ဖြန့်လျက်အနေအထားဖြင့် တစ်ပတ်စီလည်သွားအောင် ရစ်ဝိုင်းကာ ကပြလေသည်။❖

**ကိုးကား**


- ၁။ ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)
- ၂။ မြန်မာအကသမိုင်း(ပန်တျာမြင့်အောင်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၀-၄-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၄၈။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မီမီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၀၄၉။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်အေးငြိမ်း၊ (သမီး)မဖွန့်သစ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၀၅၀။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးအံကြီးမောင်နှင့်ဇနီး ဒေါ်စန်းယဉ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၀၅၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးမြင့်သန်းနှင့်ဇနီး ဒေါ်မိမိအုန်း၊ (သားကြီး)မောင်ကျော်ဝဏ္ဏရှိန်၊ (သားငယ်)ဒေါက်တာနေလင်းရှိန်နှင့်ဇနီး ဒေါက်တာနှင်းလဲ့ဦး၊ (သမီး)မတင်တင်အေးမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၀၅၂။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်သက်(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်ယဉ်မေ၊ သား ၊သမီး၊ မြေး တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၀၅၃။ | ကိုသက်ဇော်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၄။ | ဒေါ်သန်းနွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၅။ | ဦးကျော်အေးနှင့်ဇနီး ဒေါ်ခင်သိန်းမြင့်၊ (မြေး)မမေမြတ်ခင်ခင်၊ မသုမြတ်ယုဝါမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၆။ | ဦးဖုန်းမြင့်နှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၇။ | ကွယ်လွန်သူမိခင်ကြီးဒေါ်အမာစိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၈။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ရီရီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၉။ | ဦးအောင်နိုင်မြင့်နှင့်ဇနီး ဒေါ်သီတာညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၀။ | ဦးနေထွန်းလှိုင်နှင့်ဇနီး ဒေါ်ချောရူပါမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၁။ | ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ခင်စန်းမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၂။ | ဒေါ်စန်းစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၃။ | ကွယ်လွန်သူဦးသန်းထွန်းအားရည်စူး၍ ဒေါ်တိုးရွှေစင်၊ (သမီး)မဖြူနှင်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၄။ | ကိုဝင်းဇော်အေးနှင့်ဇနီး မဝင်းဝင်းဆွေ၊ (သား)မောင်ကောင်းဝင်းသန့်၊ မောင်ဉာဏ်ဝင်းသန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၅။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးလှဝင်းနှင့်ဇနီး ဒေါ်ရွှေစင်၊ (သား)ဗိုလ်မှူးတင်ထူးနိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၆။ | ကွယ်လွန်သူဇနီးဒေါ်မြင့်မြင့်ကြည်နှင့် သားမောင်ဟိန်းဇော်ဦးတို့အားရည်စူး၍ ဦးစောသန်းဦး၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၇။ | ဦးလူဇော်နှင့်ဇနီး ဒေါ်ချိုလေးမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၈။ | ဒေါ်သန်းစိန်၊ (သား)ဦးဝင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၉။ | ကွယ်လွန်သူဦးတင်ဖေနှင့် ဒေါ်သန်းအေးတို့အား ရည်စူး၍ ဦးတင်ကိုကိုနိုင်၊ (သမီး)မယုမွန်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၀။ | ကွယ်လွန်သူဦးဇော်မျိုးဦးအားရည်စူး၍ ဒေါ်ခင်စန္ဒာထူး၊ (သမီး)မဆုရည်ထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၁။ | ကွယ်လွန်သူဖခင်ကြီးဦးမျိုးမင်းထွန်းအားရည်စူး၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ငယ်နီမျိုး၊ (သား)မောင်ကျော်ဇင်ဟိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၂။ | ကွယ်လွန်သူဦးသိန်းလှိုင်နှင့် ဒေါ်တင်မြင့်တို့အားရည်စူး၍ ဒေါ်စန်းစန်းလှိုင်၊ ဒေါ်ခင်အေးသန်းညီမနှစ်ဦးကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၃။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်နန်းမြသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၄။ | ဦးအောင်ကျော်ငြိမ်းနှင့်ဇနီး ဒေါ်အုန်းသန်း မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၁၀၀၇၅။ | ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၀၇၆။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်မို့မို့ဝင်းမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၀၇၇။ | ဦးအောင်စည်ဟိန်းနှင့်ဇနီး ဒေါ်ထက်ထက်လွင်၊ (သမီး)မဂုဏ်ရည်ဝန်းရံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၇၈။ | ကိုဝင်းကိုနှင့်ဇနီး မစောသဲဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၇၉။ | ဦးငြိမ်းနှင့်ဇနီး ဒေါ်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၀။ | ဦးနေဇော်နှင့်ဇနီး ဒေါ်ခိုင်ခိုင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၁။ | ဦးထွန်းဝေနှင့်ဇနီး ဒေါ်စန်းစန်းနု၊ (သမီး)မဝေဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၂။ | ဦးနေဝင်းအောင်နှင့်ဇနီး ဒေါ်ကြည်ပြာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၃။ | ဦးကံညွန့်နှင့်ဇနီး ဒေါ်နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၄။ | ဒေါ်အေးအေးသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၅။ | ကွယ်လွန်သူမိခင်ကြီးဒေါ်အေးအေးမြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၆။ | ဦးညွန့်လွင်နှင့်ဇနီး ဒေါ်မိုးမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၇။ | ဦးထက်မြတ်သူနှင့်ဇနီး ဒေါ်မျိုးမျိုးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၈။ | ဦးဇေယျာလွင်နှင့်ဇနီး ဒေါ်လှလှဋ္ဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၉။ | ဦးမြင့်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၀။ | ဦးသန်းတင့်ထူးနှင့်ဇနီး ဒေါ်မီမီကျော်၊ (သမီး)မကြည်ကြည်မြဖွေး၊ မလင်းလဲ့စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၁။ | ကိုဝင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၂။ | ဦးရဲရင့်ထွန်းနှင့်ဇနီး ဒေါ်စိုးစိုးစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၃။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၄။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၅။ | ကွယ်လွန်သူဦးကျော်တင့်နှင့်(သား)မောင်မြင့်အောင်တို့အား ရည်စူး၍ ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၆။ | ဦးလှဋ္ဌေးနှင့်ဇနီး ဒေါ်နန်းခမ်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၇။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးတင်ဦးနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၈။ | ကိုအောင်စိုးဦးနှင့်ဇနီး မဇင်မာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၉။ | ဦးလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၀။ | ကိုရဲထက်စံနှင့်ဇနီး မနန်းအိအိမျိုး၊ (သား)မောင်ခွဲပြည့်စုံ၊ (သမီး)မဆုမြတ်ဘုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၁။ | မောင်အောင်ဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၂။ | မိဘများဖြစ်သောဦးမောင်မောင်ကြီးနှင့် ဒေါ်မိုးမိုးတို့အား အမှူးထား၍ သားသူရမောင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၃။ | ဦးနိုင်ဝင်းနှင့်ဇနီး ဒေါ်ခင်သီတာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** | ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆ |
| (ခ) | **ဒေါ်အေးအေးကြည်** | ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆ |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူစံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"






နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၁၄)ဖွဲ့တို့တွင် ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားလုပ်ငန်းများအား တင်ဒါစနစ်ဖြင့်ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာများအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ဝယ်ယူ၍ အဆိုပါရုံး၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား သက်ဆိုင်ရာရုံးများနှင့် ဤအဖွဲ့ရုံးတို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ ပြင်ဦးလွင်၊ မလှိုင်၊ မိတ္ထီလာ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်)

| | | |
|---|---|---|
| လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | (၂ - ၅- ၂၀၂၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | (၁၆ - ၅ - ၂၀၂၅) |
| တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအသိပေးသွားပါမည်။ |

ဖုန်း ၀၉-၂၁၇၄၃၂၄၄၊ ၀၉-၄၄၂၂၁၂၃၃၂(တိုင်းစည်ပင်)။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ** စာမျက်နှာ- ၁၈

## ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်



ရန်ကုန် စံပြငါးဈေးဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၃၀**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသားပေါက်ရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ မေ ၁ ရက်မှစတင်ပြီး ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ယနေ့တွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ပင်လယ်ပြင်မှ ငါးဖမ်းစက်လှေနှင့်ငါးသယ်ရေယာဉ်များ အသီးသီးပြန်လည်ဝင်ရောက်လာကာ ပင်လယ်ပြင်ငါး၊ ပုစွန်ဖမ်းဆီးမှု နှစ်လတာရပ်နားပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးဆိပ်ကမ်းမှ သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၃၀**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း စာမျက်နှာ ၂၂ ကော်လံ ၄ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်
Card Services
✔ Individual Debit Card/ Credit Card
✔ Corporate Debit Card
✔ Automated Teller Machine Services
✔ Point of Sales Services
✔ Online Payment / Tax Payment Via E-commerce

Phone No : (01) 2301367, 2301368, 2301452, 2301378